# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ စနေနေ့။ Saturday, 7 September 2024 ၁၁၅၇၃


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းသာလိုပြီး လုပ်ငန်းကြီးသည် ငွေအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှုအားများ လိုအပ်သကဲ့သို့ စေတနာအား၊ စိတ်ဓာတ်ခွန်အားများလည်းလိုအပ်

## မိမိတို့၏ ကိုယ်ပိုင်အင်အားနှင့် စွမ်းဆောင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မှတ်ကျောက်တင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၆

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၃ ) ရက်သာ လိုတော့သည်။**



# အားလုံးအသက်ရှည်ကျန်းမာရေး သန့်ရှင်းသောပတ်ဝန်းကျင်ပျိုးထောင်

လူတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် “ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်”ဟူသည့် ရှေးဆိုရိုးစကားရှိသည်။ အမှန်တကယ်တွင် “ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက် သုံးမိနစ်”ဟု ထပ်တိုးဆိုရမည်ဖြစ်သည်။ လူသတ္တဝါများ လေကို မိနစ်အနည်းငယ်မျှ မရှူရှိုက်ရသည်နှင့် အသက်သေဆုံးသွားနိုင်သည်။ ထို့ကြောင့် လေသည် လူတို့အသက်ရှင်သန်ရေးတွင် အရေးအကြီးဆုံး ဒြပ်ပစ္စည်းတစ်ခုဖြစ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

တစ်ဖန် မသန့်ရှင်းသောလေကို ကြာရှည်ရှူရှိုက်မိလျှင်လည်း အချိန်ကာလတစ်ခုတွင် နာတာရှည်ရောဂါ အထူးသဖြင့် အသက်ရှူလမ်းကြောင်း၊ အဆုတ်တို့နှင့်သက်ဆိုင်သော ရောဂါတစ်မျိုးမျိုးဖြစ်ပေါ်ကာ လူ့ဘဝတွင် ကျန်းမာရေးချို့တဲ့ပြီး သက်တမ်းရှည်ရှည် မနေနိုင်သည့်အခြေအနေသို့ ရောက်နိုင်သည်။ ထို့ကြောင့် လေသည် လူသတ္တဝါများ အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် အရေးအကြီးဆုံးအရာဖြစ်၍ မိမိတို့၏ပတ်ဝန်းကျင်တစ်ခုလုံးတွင် သန့်ရှင်းသောလေထု၊ သန့်ရှင်းသောပတ်ဝန်းကျင် ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သက်ရှိအားလုံး ရှင်သန်ရပ်တည်နေသော ဤကမ္ဘာမြေထုကြီးကို လေထုကြီးက ဝိုင်းရံပတ်ဆီးထားသည်။ လူသတ္တဝါများ အသက်ရှင်သန်နိုင်ရေးအတွက် ရှူရှိုက်နေသောလေထုသည် ကမ္ဘာမြေမျက်နှာပြင်အထက် ငါးမိုင်မှ ကိုးမိုင်အတွင်းရှိလေထုဖြစ်သည်။ ကမ္ဘာ့လေထုအတွင်း၌ ဓာတ်ငွေ့မျိုးစုံပါဝင်နေပြီး အဓိကဓာတ်ငွေ့နှစ်မျိုးမှာ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ဖြစ်သည်။ ကမ္ဘာ့လေထုတွင် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းနှင့် အခြားဓာတ်ငွေ့မျိုးစုံ တစ်ရာခိုင်နှုန်း ပါဝင်နေသည်။ ယင်းဓာတ်ငွေ့များတွင် လူတို့အသက်ရှင်သန်နိုင်သည့် ဓာတ်ငွေ့မှာ အောက်ဆီဂျင်ဓာတ်ငွေ့ ဖြစ်ပါသည်။

သန့်ရှင်းသောလေထုသည်သာ လူသားများ ကျန်းမာအသက်ရှင်သန်နိုင်ရေးကို အထောက်အကူပြုပြီး မသန့်ရှင်းသောလေထုများသည် လူသားများ အသက်ရှည်ကျန်းမာရေးကို များစွာထိခိုက်နိုင်သည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းမှ ထုတ်လွှတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ နိုက်ထရပ်အောက်ဆိုက်၊ မီသိန်းနှင့် ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် စသည့်ဓာတ်ငွေ့များသည် လေထုညစ်ညမ်းမှုကိုဖြစ်စေပါသည်။ ၎င်းလေထုညစ်ညမ်းစေသော ဓာတ်ငွေ့များကြောင့် လူတို့အသက်ရှည်ကျန်းမာရေးကို ထိခိုက်စေသည်သာမက သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးပြီး ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ယနေ့ကမ္ဘာတွင် ကြုံတွေ့နေသည်။

မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်လာမှု၊ လူဦးရေထူထပ်မှု၊ စီးပွားရေးလုပ်ငန်းများ များပြားလာမှုများနှင့်အတူ လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာသည်။ လေထုညစ်ညမ်းမှုသည် တစ်နေ့တခြားမြင့်မားလာသည်။ လျှပ်စစ်ဓာတ်အား လိုအပ်သဖြင့် လူမှုပတ်ဝန်းကျင်တွင် မီးစက်အမျိုးမျိုးအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အန္တရာယ်ကို လူတို့သတိမမူနိုင်ဘဲ လုပ်ကိုင်မှုများသည် အနီးကပ်အန္တရာယ်အများဆုံး ဖြစ်နေသည်ကို သတိမူသင့်သည်။ မော်တော်ယာဉ်များ၊ မီးစက်များနှင့် တောမီးလောင်ကျွမ်းမှုမှထွက်ရှိလာသော အခိုးအငွေ့များနှင့် လေအေးပေးစက်များမှ ထွက်ရှိသည့်ဓာတ်ငွေ့များသည် အန္တရာယ်အများဆုံးဖြစ်နေသဖြင့် ယင်းတို့ကို လျှော့ချနိုင်ရေး၊ ကာကွယ်နိုင်ရေးတို့ကို အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်လာသည်။ လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုနိုင်ရေးကို နိုင်ငံများက အကောင်အထည်ဖော်နေသည်မှာ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကို နိုင်ငံများ ဆိုးဆိုးရွားရွား ကြုံတွေ့နေသည်။ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် တိုက်ရိုက်ဆက်နွယ်နေသည်။ လေထုညစ်ညမ်းမှုအကျိုးဆက်အဖြစ် ကမ္ဘာ့အပူချိန်မြင့်တက်လာကာ ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်လာသည်။ ကမ္ဘာတစ်ဝန်းရာသီဥတုပြောင်းလဲမှု ပုံမှန်ဖြစ်လာရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် လေထုညစ်ညမ်းမှုပြဿနာအား ဦးစားပေးအလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ သစ်တောသစ်ပင်များသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပေးသဖြင့် သစ်တောသစ်ပင်များ ပျိုးထောင်ခြင်းကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သက်ရှိလူသားများ အသက်ရှည်ကျန်းမာစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်ရှိ လေထုသန့်ရှင်းကောင်းမွန်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကမ္ဘာ့ပြည်သူများ ခံစားနေရမှုမှ လျှော့ချရေးအတွက် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော အမှုကိစ္စလုပ်ဆောင်မှုမှန်သမျှတို့ကို ပြုလုပ်ဆောင်ရွက်နေခြင်းမှ လျှော့ချဆောင်ရွက်နိုင်ရန် အသိတရားဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့

International Literacy Day 2024

အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက်
စာတတ်မြောက်ရန်လိုအပ်လို့
ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့



Promoting multilingual education:
Literacy for
mutual understanding and peace

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေ ကို ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism – NCM)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီက အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gmail.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉၀၀၀ | ၂,၄၇၄ | ၂၂,၀၂၁,၈၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၉၀ | ၃၁၀,၅၀၀ |
| MCB | ၈,၆၀၀ | ၉,၂၀၀ | ၃ | ၂၆,၄၀၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၂၄,၀၃၃ | ၄၃,၂၅၉,၄၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄၂၉ | ၁,၂၀၁,၂၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၆၉၆ | ၁,၁၉၁,၂၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၇ | ၁၂၄,၂၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၂၀ | ၆၈,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၃၉ | ၁,၄၂၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**မကြာမီပြီးစီးတော့မည်**

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းလုပ်ငန်း စီမံကိန်းတစ်ခုလုံး အောင်မြင်စေရန် အသေးစိတ်စီမံချက်ရေးဆွဲပြီး လုပ်ငန်းစဉ် တစ်ဆင့်ချင်းအလိုက် လုပ်ငန်းအချိန်ဇယား သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစပြီး ၃၆ လကြာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မကြာမီ ပြီးစီးတော့မည် ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်မည်ဆိုပါက GIS နည်းပညာနှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်း၊ CAPI စနစ်တည်ဆောက်ခြင်းနှင့် Application ရေးသားခြင်း၊ စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်း၊ Mobile Tablet နှင့် ဆက်စပ်ပစ္စည်းများ၊ စာရင်းစစ်၊ စာရင်းကောက် အသုံးအဆောင်ပစ္စည်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ပေးပို့ခြင်းစသည့် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြေပြင်တွင် သန်းခေါင်စာရင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် ကြီးကြပ်ရမည့် သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းအထိမ်းအမှတ်အဖြစ် ပြည်သူများသို့ မိန့်ခွန်းပြောကြားခဲ့ပါကြောင်း၊ အဆိုပါမိန့်ခွန်းမှ အရေးကြီးသည့် အချက်တစ်ချက်ကို ဖော်ပြရမည်ဆိုပါက **“နိုင်ငံတော်၏ အနာဂတ်၊ ပြည်သူများ၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ပုံဖော်ပေးနိုင်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်”** တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရကြောင်း။

ယခုအခါ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် သန်းခေါင်စာရင်းသင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်စသည်ဖြင့် အချိန်ဇယားအတိုင်း အဆင့်ဆင့်ဖွင့်လှစ်နေကြပြီး သင်တန်းပြီးဆုံးပါက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို သတ်မှတ်ရက်တွင် နိုင်ငံတစ်ဝန်း မြေပြင်ကွင်းဆင်း စတင်ကောက်ယူသွားမည်ကို အသိပေးလိုကြောင်း။

သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို သတ်မှတ်အချိန်ဇယားနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုအပေါ် နိုင်ငံတော်အစိုးရကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း။

**တစ်တပ်တစ်အားပါဝင်**

သန်းခေါင်စာရင်း လုပ်ငန်းတစ်ခုလုံး၏ အဓိကကျသည့် ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြမည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် သန်းခေါင်စာရင်း အချက်အလက်များရရှိစေရန် သန်းခေါင်စာရင်းကောက်ယူမည့် ကာလအတွင်းတွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကွပ်ကဲမှု၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ အနီးကပ်ကြီးကြပ်မှု၊ စာရင်းစစ်၊ စာရင်းကောက်များ၏ ကြိုးစားအားထုတ်မှုများအပေါ်တွင် ရာနှုန်းပြည့်မူတည်နေပြီး ပြည်သူများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရာနှင့် သင်တန်းများဖွင့်လှစ်ရာတွင် အသုံးပြုရမည့် အသုံးအဆောင်ပစ္စည်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အသုံးအဆောင်ပစ္စည်းများကို စာရင်းစစ်၊ စာရင်းကောက်များလက်ဝယ်သို့ အချိန်မီရောက်ရှိအောင် ထုတ်ပေးနိုင်ရေး၊ လေလွင့်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ မသမာသူများလက်ဝယ်မရောက်ရှိစေရေး စသည်များကိုလည်း အထူးဂရုစိုက်ရန်လိုကြောင်း။

သန်းခေါင်စာရင်းကို နိုင်ငံတစ်ဝန်းတစ်ပြိုင်တည်း ကောက်ယူနေစဉ်တွင်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ရှိသူများအနေဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေသည့် စာရင်းစစ်၊ စာရင်းကောက်များ၏ နည်းပညာပိုင်းနှင့် ဘာသာရပ်ပိုင်းဆိုင်ရာ အခက်အခဲများကို ချက်ချင်း ကူညီဖြေရှင်းပေးနိုင်ရေး ပြင်ဆင်ထားရန်လိုကြောင်း၊ အထူးသဖြင့် CAPI နည်းပညာနှင့် Mobile Tablet များကို အသုံးပြုဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အင်တာနက်နှင့် နည်းပညာအခက်အခဲကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန် အချိန်ကာလအားဖြင့် ၂၄ ရက်သာ ကျန်ရှိကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရမည့်ကာလကို ၁၅ ရက် သတ်မှတ်ထားသော်လည်း လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအရ ရက်တိုးမြှင့်ကောက်ယူရန်လိုအပ်ပါက သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီများက တင်ပြဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

**ရနိုင်သမျှအပြီးကောက်ယူ**

အဆိုပါကိစ္စနှင့်ပတ်သက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက **“သန်းခေါင် စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ အတတ်နိုင်ဆုံး ရသည့်နေရာများတွင် သတ်မှတ်ချက်အတိုင်း ကောက်ယူရန်နှင့် မကောက်ယူနိုင်သည့် နေရာများတွင် လုံခြုံရေးများ ထပ်မံချထားပြီး ကာလသတ်မှတ်၍ မြေပြင်အမှန်ရသမျှ ကောက်ယူရန်”** ဟုလမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်ရန်နှင့် ရှေ့ပြေးစာရင်းထုတ်ပြန်မည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ မတိုင်မီ ရနိုင်သမျှအပြီး ကောက်ယူရန် မှာကြားလိုကြောင်း။

သန်းခေါင်စာရင်း လုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကလည်း မဖြစ်မနေ လိုအပ်ခြင်းကြောင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ မြေပြင်တွင် အခက်အခဲများ၊ စိန်ခေါ်မှုများ မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် လုပ်ငန်းကြီးကို စီမံချက်ပါအတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှမ်းခြုံနိုင်ရန်၊ တစ်ယောက်မကျန် စာရင်းကောက်ယူနိုင်ရန်၊ မေးမြန်းသမျှအပေါ်တွင်လည်း မှန်ကန်စွာ ဖြေကြားကြရန်နှင့် လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များ ရရှိစေရန် ပါဝင်ဆောင်ရွက်ကြမည့် တာဝန်ရှိသူများ၊ ပြည်သူများအနေဖြင့် ကြုံတွေ့ရမည့် အခက်အခဲနှင့် စိန်ခေါ်မှုများကိုဝိုင်းဝန်း ဖြေရှင်း ဆောင်ရွက်သွားကြရန်ပြောကြားလိုကြောင်း။ **စာမျက်နှာ ၄ သို့ ○**

- ❖ **သန်းခေါင်စာရင်းလုပ်ငန်းတစ်ခုလုံး၏အဓိကကျသည့် ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်ကြရမည်**
- ❖ **ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြမည်ဟု အပြည့်အဝယုံကြည်**
- ❖ **တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် သန်းခေါင်စာရင်းအချက်အလက်များ ရရှိစေရန် သန်းခေါင်စာရင်းကောက်ယူမည့် ကာလအတွင်းတွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကွပ်ကဲမှု၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ အနီးကပ်ကြီးကြပ်မှု၊ စာရင်းစစ်၊ စာရင်းကောက်များ၏ ကြိုးစားအားထုတ်မှုများအပေါ်တွင် ရာနှုန်းပြည့်မူတည်နေပြီး ပြည်သူများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်**

❍ စာမျက်နှာ ၃ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ယူထားသည့် ကာလအတွင်းတွင် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်စိတ်နှင့် အခက်အခဲတိုင်းကို မဖြစ်မနေ ဖြတ်သန်းကျော်လွှားပြီး အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုတင်မြော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်း အဖြေရှာမှုများနှင့်ပင် ပြဿနာကို ကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် တိကျမှန်ကန်သည့် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ပြီးခဲ့သည့်ကာလများအထိ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ် အများစုသည် သန်းခေါင်စာရင်းလုပ်ငန်းကြီးကို တာဝန်ခံဆောင်ရွက်ရမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ သို့သော် ရှေ့ဆက်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းအများစုသည် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများနှင့်သာမက လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုအတွင်း ကွင်းဆင်းထိတွေ့ ဆောင်ရွက်ရမည့် မြေပြင်လုပ်ငန်းများက ပိုမိုများပြားလာခြင်းကြောင့် အားလုံး ပါဝင်ကူညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများသည် ပိုမိုအရေးကြီးသည်ကို ပြောကြားလိုကြောင်း။

> ❖ **ရှေ့ဆက်ပြီးဆောင်ရွက်ရမည့် လုပ်ငန်းအများစုသည် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများနှင့်သာမက လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များဖြစ်**
>
> ❖ **ပြည်သူလူထုအတွင်း ကွင်းဆင်းထိတွေ့ ဆောင်ရွက်ရမည့် မြေပြင်လုပ်ငန်းများက ပိုမိုများပြားလာခြင်းကြောင့် အားလုံးပါဝင်ကူညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများသည် ပိုမိုအရေးကြီး**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းသာလိုပြီး လုပ်ငန်းကြီးသည် ငွေအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှုအားများ လိုအပ်သကဲ့သို့ စေတနာအား၊ စိတ်ဓာတ်ခွန်အားများလည်း လိုအပ်ကြောင်း၊ ယခုဆောင်ရွက်မည့်လုပ်ငန်းသည် နိုင်ငံတကာ အကူအညီမပါဘဲ မိမိတို့၏ ကိုယ်ပိုင်အင်အားနှင့် စွမ်းဆောင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မှတ်ကျောက်တင်နိုင်အောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အထောက်အကူပြုပစ္စည်းများ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေထားရှိမှု၊ ပင်မသန်းခေါင်စာရင်း မကောက်ယူမီ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခဲ့မှု၊ စာရင်းစစ်၊ စာရင်းကောက်များ ခန့်အပ်ထားရှိမှု၊ နည်းပြသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့မှု၊ သန်းခေါင်စာရင်းအကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်နေမှုနှင့် သန်းခေါင်စာရင်း ကောက်ယူသွားမည့် နယ်မြေအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်က ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးတရားရုံးများတည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားခရိုင်တရားရုံး၊ လယ်ဝေးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့မှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများက ရတနာတန်းဝင် ကျွန်းပင်စုစုပေါင်း ၂၅၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလမ်းပြမြေပုံ ၂၀၂၅-၂၀၃၀ နှင့် မဟာဗျူဟာများ ထွက်ပေါ်လာစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း ၂၀၂၂ ဖြင့် ဆောင်ရွက်သော အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံနှင့် မဟာဗျူဟာများ ပေါ်ထွက်နိုင်ရန်အတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ လက်ရှိဆောင်ရွက်နေမှုများနှင့် အမျိုးသားလူမှုစီးပွားရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးနေမှုများကို Stakeholders များနှင့် ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လမ်းပြမြေပုံနှင့် မဟာဗျူဟာများ ထွက်ပေါ်လာစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။




ဆွေးနွေးပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပြည်တွင်းအတိုင်ပင်ခံပညာရှင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၄ ခုမှ မူဝါဒဆိုင်ရာပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ UMFCCI မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံနှင့် မဟာဗျူဟာများ(ပဉ္စမမူကြမ်း) အတည်ပြုနိုင်ရေးအဆင့်အတွက် အပြီးသတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ပြင် ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ ပညာရှင်များက လမ်းပြမြေပုံနှင့် မဟာဗျူဟာပဉ္စမမူကြမ်းတွင် အာဆီယံဒေသတွင်း STI ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ STI ဖွံ့ဖြိုးတိုးတက်မှု လက်ရှိအခြေအနေ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်သုံးယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ STI ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ၂၀၂၅-၂၀၃၀ ခုနှစ်အတွက် လမ်းပြမြေပုံနှင့် မဟာဗျူဟာမြောက်ရည်မှန်းချက်များ၊ နယ်ပယ်ခြောက်ခုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အကျိုးကျေးဇူးနှင့် မျှော်မှန်းရလဒ်များ အဓိက ထည့်သွင်းရေးဆွဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ပေး တာကူးရ်အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းစဉ်လာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းဆက်နွယ်မှု စီမံကိန်းများအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိမည့် ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ပေး တာကူးရ်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုအခြေခံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ပညာတော်သင်များ အပြန်အလှန်စေလွှတ်ရေးနှင့် အိန္ဒိယနိုင်ငံတွင် Archaeological Survey of India (ASI)မှ ဖွင့်လှစ်သည့် Field School of Archaeology တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်း



အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သင်တန်းသားနှစ်ဦးခန့်နှင့် ပြတိုက်ပညာမဟာဘွဲ့သင်တန်းအတွက်သင်တန်းသား နှစ်ဦးခန့် နှစ်စဉ်ခေါ်ယူရေး၊ Information Technology (IT)၊ Computer Science နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ Myanmar Institute of Information Technology (MIIT) ကျောင်းသားများကို အိန္ဒိယနိုင်ငံတွင် မဟာဘွဲ့ရယူရေး သင်တန်းသားနှစ်ဦးကို နှစ်စဉ်ခေါ်ယူရေး၊ Archaeological Survey of India (ASI) မှ ဆောင်ရွက်နေသည့် ပုဂံစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ မူလရည်မှန်းထားသည့် လျာထားချက်အတိုင်း ၂၀၂၈ ခုနှစ်တွင် ပြီးစီးရေး၊ ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ် အပါအဝင် ဘုရားဖူးခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ကျင်းပ

**မိုင်းရှူး စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်) ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အဆိုပါပြိုင်ပွဲသို့ ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက မြန်မာ့အက၊ အခြေခံကဗျာလွတ်အက၊ တစ်ပင်တိုင်အက၊ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများက ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**

# မြန်မာ-အိန္ဒိယ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုး ထားသော လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ (၅)ကြိမ်မြောက် မြန်မာ-အိန္ဒိယ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဦးဆောင်ကော်မတီ (Joint Steering Committee– JSC) အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ အိန္ဒိယနိုင်ငံ လျှပ်စစ်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Shri Pankaj Agarwal နှင့် တာဝန်ရှိသူများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ပူးတွဲဦးဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်လျှပ်စစ်ကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဝေါမြို့နယ်၌ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဝေါ စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည့်



အနေဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဆုဝေကျော် ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်း ကျန်းမာရေးအသိ ပညာပေး ဆွေးနွေးဟောပြောသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မဈေးအတွင်း စားသောက်ကုန်ပစ္စည်းများ ရောင်းချသူများနှင့် စာသင်ကျောင်းများ အတွင်း ကျောင်းဈေး ရောင်းသူများ တက်ရောက်ကြပြီး တက်ရောက်လာသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများက ဝမ်းပျက်၊ဝမ်းလျှောရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

# အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျိတ်ဆူလီဗန်၏ တရုတ်နိုင်ငံခရီးစဉ်အပေါ် သုံးသပ်ချက်

**အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျိတ်ဆူလီဗန်သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ တရုတ်နိုင်ငံသို့ အလုပ်သဘော သွားရောက်ခဲ့သည်။ ဆူလီဗန်၏ခရီးစဉ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဇန်ယူရှာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။**

ကိုကိုလှိုင်

အမေရိကန်နိုင်ငံတွင် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဆိုသည်မှာ သမ္မတကိုယ်တိုင်က အထူးယုံကြည်စိတ်ချ၍ ရွေးချယ်ခန့်အပ်တာဝန်ပေးထားသူဖြစ်ပြီး ‘ဟင်နရီကစ်ဆင်းဂျား’ ကဲ့သို့ ပြည်တွင်းသာမက နိုင်ငံတကာအထိပါ ဩဇာကြီးမားသူများ ဖြစ်လေ့ရှိသည်။ ဂျိတ်ဆူလီဗန်မှာလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဒုတိယသမ္မတဘဝကပင် ဒုတိယသမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သဖြင့် ဂျိုးဘိုင်ဒင်၏ လူယုံတစ်ဦးဟုလည်း ဆိုနိုင်သည်။

ဂျိတ်ဆူလီဗန်၏ တရုတ်နိုင်ငံ ခရီးစဉ်မှာ အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်တစ်ဦး၏ ရှစ်နှစ်ကာလအတွင်း ပထမဆုံး တရုတ်ခရီးစဉ်ဖြစ်ခဲ့ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် (မူလအစီအစဉ်တွင် မပါရှိဘဲ) ဆူလီဗန်ကို လက်ခံတွေ့ဆုံခဲ့သဖြင့် အရေးပါသော သံခင်းတမန်ခင်း ကြိတ်ဝိုင်း (Quiet Diplomacy) ခရီးစဉ်တစ်ခုဖြစ်မည်ဟု သုံးသပ်ရပါသည်။

အမေရိကန်နိုင်ငံသည် ယခုအချိန်အထိ ကမ္ဘာ့နံပါတ်တစ် မဟာအင်အားကြီးနိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံမှာလည်း ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ဦးဆောင်နိုင်ငံ ဖြစ်လာစေရေး မျှော်မှန်းထားကာ နှစ်ဦးနှစ်ဖက် အားပြိုင်နေကြသည်ဖြစ်ရာ **“ချီသွေးနေသည့် ကျွဲပေါက်နှင့် ကျွဲအုပ်ခေါင်းဆောင် ကျွဲအိုကြီးတို့ နန်းလုပွဲ”**ဟု ဆိုနိုင်သည့် သူစီးဒီးစ်ထောင်ချောက် (Thucydides Trap)မှာ လွဲရှောင်၍မရနိုင်ဘဲ မလွဲမသွေဖြစ်လာလိမ့်မည်ဟု လေ့လာသူများက မှန်းဆလျက်ရှိကြသည်။ ဤအနေအထားတွင် ဆူလီဗန်၏ ခရီးစဉ်မှာ မည်သို့သော ရည်ရွယ်ချက်များဖြင့် သွားရောက်ခဲ့သည်၊ မည်သည့်အချက်အလက်များကို ဆွေးနွေးခဲ့ကြပြီး မည်ရွေ့မည်မျှ ပေါက်မြောက်အောင်မြင်ခဲ့သည်ဆိုသော အချက်အလက်များမှာ အရေးပါလျက်ရှိလေသည်။

**တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံမှု**

ဆူလီဗန်၏ တရုတ်ခရီးစဉ်တွင် အဓိကဆွေးနွေးဖက်မှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိဖြစ်သည်။ ဝမ်ယိမှာ အာရှ-ပစိဖိတ်ဒေသတွင် ဆူလီဗန်အတွက် အရေးအပါဆုံး ဆွေးနွေးရသူဖြစ်ပြီး ဤခရီးစဉ်မတိုင်မီက ဝမ်ယိနှင့် အလားတူ ကြိတ်ဝိုင်းသုံးကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။ ယခုခရီးစဉ်တွင် ဆူလီဗန်နှင့် ဝမ်ယိတို့သည် ဆွေးနွေးပွဲခြောက်ကြိမ် ပြုလုပ်ခဲ့ကာ စုစုပေါင်း ၁၁ နာရီခန့်ကြာအောင် ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။



တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က အမေရိကန်နိုင်ငံအမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်အား မြို့တော် ပေကျင်းရှိ ပြည်သူ့ခန်းမဆောင်၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် လက်ခံတွေ့ဆုံစဉ်။ (ဆင်ဟွာ)

ယင်းတို့နှစ်ဦး ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများမှာလည်း စုံလင်လှသည်။ အမေရိကန်သမ္မတအိမ်တော်မှ ထုတ်ပြန်ချက်အရ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ တပ်မတော်အချင်းချင်း ဆက်သွယ်ဆက်ဆံရေး၊ AI ဉာဏ်ရည်တုသုံးစွဲမှု လုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ အမေရိကန်ခေတ်မီနည်းပညာများ လွှဲပြောင်းမှုကန့်သတ်ရေး၊ တရားမဝင် ဝင်ရောက်လာသူများပြန်ပို့ရေး၊ တရုတ်ဘက်မှ မမျှတသော ကုန်သွယ်မှုလုပ်ရပ်များ လျှော့ချရေး၊ ထိုင်ဝမ်ပြဿနာ၊ တောင်တရုတ်ပင်လယ်အရေး၊ ရုရှားသို့ တရုတ်ဘက်မှ စစ်လက်နက်ထုတ်လုပ်ရေးတွင် ကူညီနေသည့်ကိစ္စ၊ မြောက်ကိုရီးယား၊ မြန်မာနှင့် အရှေ့အလယ်ပိုင်းရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

တရုတ်ဘက်မှလည်း ကုန်သွယ်ရေးကို နိုင်ငံရေးနှင့် လုံခြုံရေးပြဿနာအဖြစ် ပုံဖော်နေမှုကို ရပ်တန့်ရေး၊ တရုတ်နိုင်ငံ၏ ပုံရိပ်ကို အဆိုးမြင်ပုံဖော်နေမှုနှင့် တစ်ဖက်သတ် ပိတ်ဆို့ပြဋ္ဌာန်းမှုများကို ရပ်တန့်ရေး၊ အမေရိကန်၏ ဗိုလ်ကျစိုးမိုးမှု၊ သဘောတရားရေးရာ အတွေးအခေါ်များကို တင်ပို့သွတ်သွင်းနေမှုနှင့် အနောက်နယ်ချဲ့ ကိုလိုနီလမ်းကြောင်းဟောင်းအတိုင်း လျှောက်လှမ်းနေမှုများကို ရပ်ဆိုင်းရေး တို့ပြန်ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများတွင် မူးယစ်ဆေးဝါးနှင့် ရာသီဥတုပြောင်းလဲမှုကဲ့သို့သော ကိစ္စရပ်များမှာ နှစ်ဖက်အကျိုးတူ အကြောင်းအရာများဖြစ်၍ အလွယ်တကူ သဘောတူညီချက်ရရှိနိုင်ကြဖွယ်ရှိသည်။ မူးယစ်ဆေးဝါးကိစ္စတွင် အမေရိကန်၏ စိုးရိမ်မှုမှာ တရုတ်ဘက်မှ ရောက်ရှိလာသည်ဟုဆိုသော ဖင်တနိုင်း (Fentanyl) ဆေးများကြောင့် အမေရိကန်တွင် ဆေးလွန်၍ နှစ်စဉ်လူပေါင်း ၈၀၀၀၀ ကျော် သေဆုံးနေရခြင်း ဖြစ်သည်။ ဖင်တနိုင်းမှာ ဘိန်းဖြူထက် အဆငါးဆယ်ခန့်ပို၍ပြင်းသော လူလုပ်ဘိန်းတု ဖြစ်သည်။ မူလက အကိုက်အခဲပျောက်ဆေးအဖြစ် တရားဝင်အသုံးပြုခဲ့ကြရာမှ ဘိန်းဖြူကဲ့သို့ပင် မူးယစ်ဆေးဝါးအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အမေရိကန်လမ်းဘေးဈေးကွက်၌ **“တရုတ်မလေး” (China Girl)**ဟု လူသိများသည်။ တရုတ်ပြည်တွင်းရှိ အချို့ကုမ္ပဏီများက ဖင်တနိုင်းကို အိမ်သုံးဆေးဝါးအဖြစ် ထုတ်လုပ်၍ မက္ကဆီကိုသို့ တင်ပို့ကာ ယင်းမှတစ်ဆင့် အမေရိကန်သို့ ဖြန့်ဖြူးရောက်ရှိသွားခြင်းကြောင့် ပြဿနာတက်နေခြင်းဖြစ်သည်။ သမ္မတရှီကျင့်ဖျင် ကိုယ်တိုင်က အမေရိကန်သမ္မတ ဘိုင်ဒင်အား ဖင်တနိုင်းဆေးဝါးတင်ပို့မှုကို ထိန်းချုပ်ပေးပါမည်ဟု ကတိပြုထားသဖြင့် အခက်အခဲများစွာ မရှိလှပေ။

ရာသီဥတုပြောင်းလဲမှုကိစ္စတွင်လည်း တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစလုံးမှာ ကမ္ဘာ့ပေါ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ အထုတ်လွှတ်ဆုံးနိုင်ငံများအဖြစ် ထိပ်ဆုံးမှ စွပ်စွဲခံနေရသဖြင့် အချင်းချင်း ပဋိပက္ခမရှိဘဲ ပူးပေါင်းလုပ်ဆောင်ရန်သာရှိသည်။

သို့ရာတွင် ထိုင်ဝမ်ကိစ္စမှာ တရုတ်အတွက် အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု ကိစ္စဖြစ်၍ အလွန်အလေးထားသော အကြောင်းအရာဖြစ်နေသည်။ အမေရိကန်အတွက်လည်း ထိုင်ဝမ်မှာ ရေးအစဉ်အဆက် ကူမင်တန် တရုတ်ဖြူလက်ထက်မှစ၍ မဟာမိတ်ဖြစ်နေခဲ့ပြီး ထိုင်ဝမ်သည် အမေရိကန်လက်နက်ကုမ္ပဏီကြီးများ၏ အဓိကဖောက်သည်တစ်ဦးဖြစ်နေရာ ထိုင်ဝမ်ကို လက်မလွှတ်နိုင်ပေ။

ရုရှား-ယူကရိန်းကိစ္စတွင်လည်း တရုတ်အနေဖြင့် နိုင်ငံရေးအရ ငြိမ်းချမ်းစွာ ဖြေရှင်းရေးကို အားပေးသည်ဟု ဆိုစေကာမူ ရုရှားကို နောက်ကွယ်မှ စစ်လက်နက်ပစ္စည်းများ ရောင်းချပေးနေသည်ဟု အမေရိကန်တို့က စွပ်စွဲလျက်ရှိကာ တရုတ်ဘက်မှ ငြင်းဆိုထားသည်။ တရုတ်-ရုရှားဆက်ဆံရေးမှာ **“အကန့်အသတ်မဲ့” (No Limit)** ပေါင်းဖက်မှုဖြစ်သည်ဟု ကြွေးကြော်ထားသည့်အတွက် ဤကိစ္စတွင်လည်း တရုတ်ဘက်နှင့် အမေရိကန်ဘက်တို့ အကျိုးစီးပွားချင်း ဆန့်ကျင်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းကိစ္စတွင်လည်း တရုတ်က အီရန်နှင့် အာရပ်အုပ်စုတို့နှင့် ပိုမိုရင်းနှီးကျွမ်းဝင်ပြီး အမေရိကန်က အစ္စရေးဘက်မှ လိုက်ပါရပ်တည်နေသည့်အတွက် အထိုင်မတူသောကြောင့် ပြေလည်ဖွယ် အကြောင်းမမြင်ပေ။

ကုန်သွယ်ရေးစစ်ပွဲနှင့် နည်းပညာကန့်သတ်မှုကိစ္စမှာလည်း နှစ်ဖက်အကျိုးစီးပွားက ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည့်အတွက် အဆင်ပြေရန်ထက် ပို၍ ဆိုးရွားသွားရန်သာ ဦးတည်နေသည်။

တောင်တရုတ်ပင်လယ်၌ ဖိလစ်ပိုင်နှင့် တရုတ်တို့အကြား ရေပြင်ပိုင်နက် အငြင်းပွားမှုကိစ္စနှင့် ပတ်သက်၍ ဖိလစ်ပိုင်နှင့် နှစ်နိုင်ငံကာကွယ်ရေး စာချုပ် ချုပ်ဆိုထားသည့် အမေရိကန်နှင့် တရုတ်တို့အကြား မည်သို့မျှ ပြေလည်ရန်မရှိဘဲ ထိပ်တိုက်ရင်ဆိုင်ရန်သာရှိနေသည်။ တရုတ်တို့က အမေရိကန်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်းတွင် တာလတ်ပစ် ဒုံးပျံများချထားခြင်းနှင့် ဖိလစ်ပိုင်ရေတပ်ကို ပံ့ပိုးကူညီနေခြင်းအပေါ် မကြည်မလင်ဖြစ်နေသကဲ့သို့ အမေရိကန်ဘက်ကလည်း တရုတ်ကမ်းခြေစောင့်ရေယာဉ်များကို ဖိလစ်ပိုင်စစ်ရေယာဉ်များအပေါ် အုပ်စုဖြင့်ဝိုင်း၍ ဖိအားပေးနေမှုအား ကန့်ကွက်လျက်ရှိသည်။

အလားတူပင် နှစ်ဖက်အခြေခံ အကျိုးစီးပွားချင်း မတူသော ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်သည့်ကိစ္စများတွင်လည်း မည်သို့မျှ သဘောတူညီမှုရနိုင်စရာ မရှိခဲ့ပေ။ တရုတ်ဘက်က အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မြဲအောင် ကြိုးပမ်းနေချိန်တွင် အမေရိကန်ဘက်ကလည်း တရုတ်နှင့် ရင်းနှီးသော နိုင်ငံများကို ဖိအားပေးနေခြင်းကြောင့် လားရာဘက်ချင်း ဆန့်ကျင်နေသည်။

သို့ဖြစ်ရာ ဆူလီဗန်နှင့် ဝမ်ယိတို့၏ တွေ့ဆုံဆွေးနွေးမှုအကြောင်းအရာ အများစုမှာ လောက်လောက်လားလား ပြောပလောက်သည့် အောင်မြင်မှုမရဘဲ အခြေအနေကို ထိန်းထားနိုင်ရုံမျှသာရှိသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

**ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံမှု**

ဆူလီဗန်သည် နိုင်ငံခြားရေးကိစ္စများတွင် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဇန်ယူရှာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် **စာမျက်နှာ ၇ သို့ ☆**

**❛ယင်းတို့နှစ်ဦး ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများမှာလည်း စုံလင်လှသည်။ အမေရိကန်သမ္မတအိမ်တော်မှ ထုတ်ပြန်ချက်အရ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ တပ်မတော်အချင်းချင်း ဆက်သွယ်ဆက်ဆံရေး၊ AI ဉာဏ်ရည်တုသုံးစွဲမှု လုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ အမေရိကန်ခေတ်မီနည်းပညာများ လွှဲပြောင်းမှုကန့်သတ်ရေး၊ တရားမဝင် ဝင်ရောက်လာသူများပြန်ပို့ရေး၊ တရုတ်ဘက်မှ မမျှတသောကုန်သွယ်မှုလုပ်ရပ်များ လျှော့ချရေး၊ ထိုင်ဝမ်ပြဿနာ၊ တောင်တရုတ်ပင်လယ်အရေး၊ ရုရှားသို့ တရုတ်ဘက်မှ စစ်လက်နက်ထုတ်လုပ်ရေးတွင် ကူညီနေသည့်ကိစ္စ၊ မြောက်ကိုရီးယား၊ မြန်မာနှင့် အရှေ့အလယ်ပိုင်းရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟုဆို❜**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ
## ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းများ ပိုမိုဖိတ်ခေါ်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စုပေါင်းခန်းမ၌ အဆိုပါဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။




**တက်ရောက်**

တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသောဌာနဖြစ်သည့်အတွက် ဌာန၏လုပ်ငန်းတာဝန်များအား စွမ်းဆောင်ရည် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်နှင့်အညီ ယခုဘဏ္ဍာနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပြည့်မီအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ဦးစားပေး လုပ်ငန်းများကို ပိုမိုဖိတ်ခေါ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဌာနရှိ Startup Center အနေဖြင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းဖြစ်ပေါ်လာအောင် ထိထိရောက်ရောက် ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆိုင်ရာကိစ္စရပ်များကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ လုပ်ငန်းခွင်တွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာရန် လိုအပ်ကြောင်းပြောကြားပြီး ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၆ မှ

အဓိကအကြောင်းအရာမှာ တိုင်ဝမ်ကိစ္စဖြစ်ပြီး ဗိုလ်ချုပ်ကြီးဇန်က တိုင်ဝမ်နှင့် ပေါင်းစည်းရေးသည် တရုတ်တပ်မတော်၏ ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဗိုလ်ချုပ်ကြီးဇန်က ဆူလီဗန်အား အမေရိကန်သည် တိုင်ဝမ်နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ရပ်တန့်ရန်၊ တိုင်ဝမ်ကို စစ်လက်နက်တပ်ဆင်ပေးနေမှုအား ရပ်တန့်ရန်၊ တိုင်ဝမ်နှင့်ပတ်သက်၍ အကြောင်းအရာအမှားများ ထုတ်ပြန်ဖြန့်ချိနေမှုကို ရပ်တန့်ရန် တောင်းဆိုခဲ့သည်ဟုဆိုသည်။ ဆူလီဗန်ကလည်း တရုတ်က တိုင်ဝမ်အပေါ် ရေလက်ကြား ဖြတ်ကျော်ခြိမ်းခြောက်မှုများ မပြုလုပ်ရေး၊ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်ရှိရေးနှင့် နှစ်နိုင်ငံ စစ်ဘက်ထိပ်တန်းခေါင်းဆောင်များအကြား တိုက်ရိုက်ဆက်သွယ်မှု ထူထောင်ရေးတို့ကို အလေးပေး ဆွေးနွေးခဲ့သည်ဟု ဆိုပါသည်။

ဤတွေ့ဆုံမှုမှ စစ်နယ်ဝှမ်း (Theatre)အဆင့် စစ်ဘက်ခေါင်းဆောင်များအကြား အရေးပေါ်ဆက်သွယ်မှု (Hotline) ထူထောင်ရေးကိစ္စ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ အမေရိကန် အင်ဒို-ပစိဖိတ်ဒေသကွပ်ကဲမှုဌာနချုပ်နှင့် တရုတ်ရေတပ်တို့အကြား မတော်တဆ ထိပ်တိုက်တွေ့ဆုံမှုများကို ရှောင်ရှားနိုင်ရန် ရည်ရွယ်ပုံရပါသည်။ ၂၀၂၁ ခုနှစ်က အမေရိကန်ကင်းထောက်လေယာဉ်နှင့် တရုတ်ကြားဖြတ်တိုက်လေယာဉ်တို့ ဟိုင်နန်ကျွန်းပေါ်တွင် တိုက်မိသည့်ဖြစ်ရပ် ရှိခဲ့သကဲ့သို့ ယခုအခါ တောင်တရုတ်ပင်လယ်တွင် တရုတ်နှင့် ဖိလစ်ပိုင်တို့အကြား ရေယာဉ်ချင်း ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုများပြားလာသည့်အတွက် နှစ်ဖက်အရေးပေါ်ဆက်သွယ်မှုထူထောင်ရန် အရေးကြီးလာခြင်း ဖြစ်သည်ဟု သုံးသပ်ရပါသည်။

**တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမှု**

ဆူလီဗန်၏ တရုတ်ခရီးစဉ်တွင် အဆင့်အမြင့်ဆုံး တွေ့ဆုံမှုအဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ သမ္မတ ရှီကျင့်ဖျင်က **တရုတ်နှင့် အမေရိကန်တို့သည် နိုင်ငံကြီးနှစ်ခုဖြစ်၍ ကမ္ဘာကြီးတစ်ခုလုံး၊ ပြည်သူလူထုအားလုံးနှင့် သမိုင်းကြောင်းအတွက် တာဝန်ယူလုပ်ဆောင်သင့်သည်**ဟု ပြောကြားခဲ့ပြီး **ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တည်ငြိမ်မှုအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားဖြစ်သင့်သည်**ဟု ဆိုပါသည်။

ရှီက ဆက်လက်၍ နှစ်နိုင်ငံအတွင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ကြီးမားသော အပြောင်းအလဲများရှိခဲ့သော်လည်း တရုတ်-အမေရိကန်ဆက်ဆံရေးနှင့်ပတ်သက်၍ ရေရှည်တည်တံ့ပြီး တည်ငြိမ်ခိုင်မာ

> **❛ ရှီက ဆက်လက်၍ နှစ်နိုင်ငံအတွင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ကြီးမားသော အပြောင်းအလဲများရှိခဲ့သော်လည်း တရုတ်-အမေရိကန် ဆက်ဆံရေးနှင့်ပတ်သက်၍ ရေရှည်တည်တံ့ပြီး တည်ငြိမ်ခိုင်မာသည့် ဆက်ဆံရေးထူထောင်လိုသည့် တရုတ်၏ရည်မှန်းချက်မှာ ပြောင်းလဲမှု မရှိကြောင်း အထူးပြု၍ ပြောကြားသွားသည်။ ယင်းစကားရပ်မှာ သမ္မတ ဘိုင်ဒင်၏ သက်တမ်းကုန်ဆုံးပြီးနောက် အမေရိကန်သမ္မတအဖြစ် မည်သူပင် ရွေးကောက်ခံရစေကာမူ တရုတ်နိုင်ငံ၏ အမေရိကန်ဆိုင်ရာမူဝါဒမှာ ပြောင်းလဲမည်မဟုတ်ကြောင်း အချက်ပြလိုက်ခြင်းဖြစ် ❜**

သည့် ဆက်ဆံရေး ထူထောင်လိုသည့် တရုတ်၏ ရည်မှန်းချက်မှာ ပြောင်းလဲမှုမရှိကြောင်း အထူးပြု၍ ပြောကြားသွားသည်။ ယင်းစကားရပ်မှာ သမ္မတ ဘိုင်ဒင်၏ သက်တမ်းကုန်ဆုံးပြီးနောက် အမေရိကန်သမ္မတအဖြစ် မည်သူပင် ရွေးကောက်ခံရစေကာမူ တရုတ်နိုင်ငံ၏ အမေရိကန်ဆိုင်ရာမူဝါဒမှာ ပြောင်းလဲမည်မဟုတ်ကြောင်း အချက်ပြလိုက်ခြင်း ဖြစ်သည်ဟု ယူဆရသည်။

ဆူလီဗန်က **"အမေရိကန်သည် စစ်အေးတိုက်ပွဲအသစ်ကို ရှာဖွေမည်မဟုတ်၊ တရုတ်နိုင်ငံ၏ စနစ်ကို ပြောင်းလဲပစ်ရန်လည်း ကြိုးစားမည်မဟုတ်၊ အမေရိကန်က မဟာမိတ်အဖွဲ့အစည်းများ ပြန်လည်ထူထောင်နေခြင်းမှာလည်း တရုတ်ကို ဆန့်ကျင်ရန်မဟုတ်၊ တိုင်ဝမ်လွတ်လပ်ရေးကို ထောက်ခံအားပေးမည်မဟုတ်သလို တရုတ်နှင့်လည်း ပဋိပက္ခဖြစ်အောင် လုပ်ဆောင်မည်မဟုတ်"** ဟုပြောကြားခဲ့သည်။ ထို့အပြင် **"တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ပြောင်းလဲမည်မဟုတ်သကဲ့သို့ တိုင်ဝမ်ပြဿနာကို လက်နက်သဖွယ်အသုံးပြု၍ တရုတ်ကို ထိန်းချုပ်ရန် ကြိုးစားမည်မဟုတ်"** ဟူ၍လည်း ပြောကြားခဲ့သည်။

နှစ်ဖက်စလုံးက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို သဘောတူညီခဲ့ကြပြီး သမ္မတဘိုင်ဒင်နှင့် သမ္မတရှီတို့အကြား မကြာမီ အပြန်အလှန်ဆက်သွယ်ပြောဆို ဆွေးနွေးနိုင်ရန် ဆူလီဗန်က ဖိတ်ကြားခဲ့သည်။

**သုံးသပ်ချက်**

ဆူလီဗန်၏ တရုတ်ခရီးစဉ်သည် အမေရိကန်သမ္မတ ရွေးကောက်ပွဲနှင့် ပတ်သက်စပ်ဆိုင်ခြင်း မရှိပါဟု ငြင်းဆိုထားလင့်ကစား သမ္မတဘိုင်ဒင်၏ သက်တမ်း နောက်ဆုံးကာလများတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံလည်းဖြစ်၊ အဓိက နိုင်ငံရေးနှင့် စီးပွားရေးပြိုင်ဘက်လည်းဖြစ်သည့် တရုတ်နိုင်ငံနှင့် တတ်နိုင်သမျှ ဆက်ဆံရေးပြေလည်အောင် ထိန်းသိမ်းထားနိုင်ကြောင်း အမေရိကန်လူထု သိရှိအောင် ပြသလိုသည့် ရည်ရွယ်ချက်လည်း ပါဝင်ပုံရကြောင်း သုံးသပ်ရပါသည်။

ဆူလီဗန်ကိုင်စွဲထားသော အယူအဆမှာ **"အမေရိကန်နှင့် တရုတ်တို့သည် ပြိုင်ဘက်များဖြစ်သော်ငြား ရန်ဘက်များမဖြစ်အောင် ထိန်းထား၍ရသည်။ စီးပွားရေးတွင်လည်း တရုတ်ကိုကန့်သတ်ပိတ်ပင်ခြင်းမှာ တရုတ်နှင့် အဆက်ဖြတ်ရန်မဟုတ် အမေရိကန်၏အန္တရာယ်ကို လျှော့ချရန်ဖြစ်သည်"** (Derisking, not decoupling)ဟူသော အဆင့်ကို ထိန်းထားရန် ဖြစ်သည်။

သို့ရာတွင် ကမ္ဘာ့မဟာဗျူဟာ နိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းတို့က အဆိုပါအယူအဆကို အားနည်းချည့်နဲ့သွားစေရန် တွန်းပို့လျက် ရှိကြလေသည်။

ဆူလီဗန်က အမေရိကန်သည် စစ်အေးအသစ်ကို ရှာဖွေမည်မဟုတ်ဆိုသော်လည်း အမေရိကန်က တရုတ်နိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ မီဒီယာ၊ ယဉ်ကျေးမှု စသည့်ကဏ္ဍပေါင်းစုံမှ ဖိအားပေးထိုးနှက်လျက်ရှိသည်မှာ ပေါ်လွင်ထင်ရှားလျက်ရှိသည်။ မဟာမိတ်များထူထောင်ခြင်းသည် တရုတ်ကို ဆန့်ကျင်ရန်မဟုတ်ဟုဆိုသော်လည်း ဩစတြေးလျ၊ ဗြိတိန်၊ အမေရိကန်(အင်္ဂလိပ်သွေးပါသော ဆွေရင်းမျိုးချာ) သုံးနိုင်ငံပါဝင်သည့် AUKUS စစ်စာချုပ်အဖွဲ့ထူထောင်၍ ဩစတြေးလျကို အဏုမြူနည်းပညာပိုင်နိုင်ငံဖြစ်စေရန် တွန်းတင်ပေးနေခြင်း၊ တရုတ်ကို ပတ်ဝိုင်းထားသည့် တရုတ်နှင့် အဆင်မပြေသော လေးနိုင်ငံ(QUAD)၊ (အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ဂျပန်) လုံခြုံရေးဆွေးနွေးပွဲ အစီအစဉ် ဖန်တီးထားခြင်း၊ ယင်း QUAD အဖွဲ့မှ အိန္ဒိယအစား ဖိလစ်ပိုင်ကိုထည့်သွင်းပြီး အမေရိကန်၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ဂျပန်ကာကွယ်ရေး မိတ်ဖက်အစီအစဉ်ကို ထူထောင်ခဲ့ခြင်းတို့မှာ **"မပြေးသော်ကန်ရာရှိ"** ဆိုသကဲ့သို့ တရုတ်အတွက် စိုးရိမ်ဖွယ်ဖြစ်နေသည်ကတော့ အမှန်ပင်ဖြစ်လေသည်။

တစ်ဖန် တိုင်ဝမ်လွတ်လပ်ရေးကို ထောက်ခံအားပေးမည်မဟုတ်ဟု ဆိုသော်ငြားလည်း အမေရိကန်အစိုးရကိုယ်တိုင်က (Taiwan Relation Act) တိုင်ဝမ်ဆက်ဆံရေးဥပဒေဖြင့် တိုင်ဝမ်ကို အကာအကွယ်ပေးထားကာ လိုအပ်သည့် စစ်လက်နက်များကို တပ်ဆင်ပေးလျက်ရှိခြင်း၊ တိုင်ဝမ်ကို လက်နက်အဖြစ်သုံး၍ တရုတ်ကို ထိန်းချုပ်မည်မဟုတ်ဟု ဆိုသော်လည်း တိုင်ဝမ်က တရုတ်ကိုအန်တုရင်ဆိုင်နိုင်ရေးအတွက် နောက်ကွယ်မှ လိုသမျှ ထောက်ပံ့နေခြင်းများကို ထောက်ရှုပါက **"ဝိနည်းလွတ်ရုံအပြော"** များဖြစ်ကြောင်း လုပ်ရပ်များက ညွှန်းဆိုလျက်ရှိသည်။

ကမ္ဘာ့မဟာဗျူဟာ အခင်းအကျင်းမှာလည်း မဟာအင်အားကြီး အမေရိကန်တစ်နိုင်ငံတည်း ကြီးစိုးထားသည့် ဧကမဏ္ဍိုင် (Unipolar) စနစ်မှ ဗဟုမဏ္ဍိုင် (Multipolar) ပုံစံသို့ ဦးတည်ပြောင်းလဲလာလျက်ရှိရာ တရုတ်နိုင်ငံမှာလည်း အရေးပါသောဇာတ်ဆောင်တစ်ဦးအဖြစ် (SCO)၊ (BRICS)၊ (G20) စသောအုပ်စုများတွင် ဦးဆောင်ပါဝင်လျက်ရှိသဖြင့် နှစ်နိုင်ငံ၏အုပ်စုဖွဲ့မှုမှာလည်း လားရာချင်းဆန့်ကျင်လျက်ရှိသည်။

နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံရေးတွင်လည်း အားပြိုင်မှုများ၊ ပဋိပက္ခများ၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကျင့်သုံးမှုများကြောင့် ပြဿနာအကျပ်အတည်းများနှင့် ကြုံတွေ့နေရသကဲ့သို့ AI ဉာဏ်ရည်တုကဲ့သို့ နည်းပညာအသာစီးရရှိမှုမှတစ်ဆင့် ကမ္ဘာကို လွှမ်းမိုးနိုင်ရေး အားပြိုင်မှုကလည်း ဆက်လက်၍ အရှိန်အဟုန် ပြင်းထန်လာဖွယ်ရှိနေသည်။

စစ်ရေးအပိုင်းတွင် သမားရိုးကျနှင့် မဟာဗျူဟာလက်နက်များကို အပြိုင်တည်ဆောက်လျက်ရှိကြပြီး အာကာသနှင့် ဆိုက်ဘာစစ်မြေပြင်များတွင်လည်း အားပြိုင်နေကြရာ မည်သည့်ဘက်ကမျှ အလျှော့ပေးမည့် လက္ခဏာမရှိပေ။

ခြုံ၍သုံးသပ်ရပါက ဆူလီဗန်၏ တရုတ်နိုင်ငံခရီးစဉ်သည် ဒီမိုကရက်ပါတီအစိုးရအတွက် တရုတ်-အမေရိကန် ဆက်ဆံရေးအခြေအနေကို ပို၍ ဆိုးရွားမသွားအောင် ထိန်းထားနိုင်ရုံမျှသာရှိပြီး လာလတ္တံ့သော အနာဂတ်ကာလများတွင် ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံ၏ အားပြိုင်တွန်းတိုက်မှုက လွဲရှောင်မရဘဲ ပိုမိုပြင်းထန်လာဖွယ်ရှိကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဗဟိုမဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ် (CVLMS) အဆင့်မြှင့်မွမ်းမံထားသည့်အခြေအနေ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဗဟိုမဲဆန္ဒရှင်စာရင်း များစီမံခန့်ခွဲမှုစနစ် (CVLMS) အဆင့်မြှင့်မွမ်းမံထားသည့် အခြေ အနေ ရှင်းလင်းတင်ပြခြင်းအခမ်း အနားကို ယနေ့နံနက် ၁၀ နာရီ တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကွန်ပျူတာ တက္ကသိုလ်(တောင်ငူ) ပါမောက္ခချုပ် ဒေါက်တာ အိအိလှိုင်နှင့် ပါမောက္ခ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် CVLMS စနစ်ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဝန်ထမ်းများ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် CVLMS စနစ် အသုံးပြုနည်း သင်တန်းများ ဖွင့်လှစ်သင်ကြား ခဲ့ကြောင်း၊ CVLMS စနစ်နှင့် ပတ်သက်၍ အတွေ့အကြုံများ၊ အကြံဉာဏ်များကို တစ်ဦးနှင့် တစ်ဦးမျှဝေနိုင်ရန် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများ မှ ရရှိသည့် အကြံပြုချက်များအရ CVLMS စနစ်အဆင့်မြှင့်တင်ခြင်း ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်ခြင်းဖြင့် Admin and DEO Software နှင့် CVLMS စနစ်ကို မဲစာရင်းများ ပြုစု ရာတွင် မဲဆန္ဒနယ်များအလိုက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအတွက် မဲဆန္ဒရှင်စာရင်း များနှင့် ရွေးကောက်ပွဲတစ်ရပ်၏ အချက်အလက်များကို အလွယ် တကူသတ်မှတ်ပြီး ကော်မရှင်အဖွဲ့ ခွဲအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေး ညီ အကြောင်းကြားနိုင်ခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာနယ်မြေများကို ပြောင်းလဲ ပြင်ဆင် ထပ်တိုးပယ်ဖျက်ခြင်း များရှိပါက အချက်အလက်များ ထိခိုက်မှုမရှိဘဲ ပြင်ဆင်နိုင်ခြင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ များနှင့်အညီ မဲစာရင်းများကို မှန်ကန်ပြည့်စုံအောင် နည်းပညာ ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ မဲရုံများ လွယ်ကူစွာ သတ်မှတ်နိုင်ခြင်း၊ မဲစာရင်းတွင် အသက် ၁၈ နှစ် မပြည့်သေးသူများ၊ သေဆုံးသူများ မပါဝင်စေရန်နှင့် မဲစာရင်းများမထပ် စေရန် စိစစ်ဆောင်ရွက်နိုင်ခြင်း တို့အပြင် FPTP ၊ PR ရွေးကောက် ပွဲစနစ်နှစ်မျိုးလုံးတွင် အသုံးပြု ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန် ရှိသူတစ်ဦးက ဗဟိုမဲဆန္ဒရှင် စာရင်းများ စီမံခန့်ခွဲမှုစနစ် အဆင့် မြှင့်တင်ရခြင်းအကြောင်းရင်းများ ကို ရှင်းလင်းတင်ပြပြီး စနစ်ရေးဆွဲ ခဲ့သည့် နည်းပညာအဖွဲ့ အဖွဲ့ ခေါင်းဆောင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က အဆင့် မြှင့်တင်ထားသည့် ဗဟိုမဲဆန္ဒရှင် စာရင်းများ စီမံခန့်ခွဲမှုစနစ်နှင့် စပ်လျဉ်း၍ စနစ်တည်ဆောက်ထား မှုလုံခြုံရေးစနစ်တည်ဆောက်ထား မှု၊ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်း ခြင်း၊ ပြင်ဆင်ခြင်း၊ ကြည့်ရှုခြင်း၊ စိစစ်ခြင်း၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟိုအဆင့်ဆင့်က သတ်မှတ် တာဝန်များ ဆောင်ရွက်နိုင်မှု၊ မဲရုံ အလိုက်မဲစာရင်းများ ရရှိအောင် ဆောင်ရွက်မှု၊ စနစ်အဆင့်မြှင့်တင် ခြင်းဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲ စနစ် FPTP နှင့် PR နှစ်မျိုးလုံး အတွက် ဆောင်ရွက်နိုင်မှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ကျေးဇူးတင် စကားပြောကြားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ နည်းပညာအဖွဲ့ကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ် ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးမြင့်နောင် အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံ





**နေပြည်တော် စက်တင်ဘာ ၆**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ကနောင်ခန်းမ၌ အလုပ်သမား ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားအဖွဲ့ အစည်းဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေပြဋ္ဌာန်းပြီး ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အချိန်ထိ အခြေခံအလုပ်သမား အဖွဲ့အစည်း ၂၈၂၃ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၅၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်းတစ်ဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ် သမားအဖွဲ့ချုပ် ကိုးဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် တစ်ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း ၃၀၄၂ ဖွဲ့တို့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေများတွင် အလုပ်သမားအဖွဲ့ အစည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အလုပ်ရှင်၊ အလုပ်သမားများ ကျယ်ပြန့်စွာသိရှိနိုင်စေရေး အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာမှစ၍ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်လျက်ရှိကြောင်း။

**ပါဝင်ဖွဲ့စည်းထားရှိ**

အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီတွင် သက်ဆိုင်ရာဝန်ကြီးဌာန များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်ရှင်အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားရှိပြီး အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို လက်ခံ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ သဃ်န်းကျွန်းမြို့နယ်ရှိ ပြည်ပ အလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ဖြစ်သည့် Myanmar & Worldwide Services Co., Ltd ၌ ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသည့် အလုပ်သမားများကို ဂျပန်နိုင်ငံရှိ လုပ်ငန်းရှင်များ၊ ကြီးကြပ်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ စေလွှတ် ရေးလုပ်ငန်းစဉ်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးနေ မှု၊ ဂျပန်နိုင်ငံသို့ သွားရောက်မည့် အလုပ်သမားများ အတွက် ဂျပန်ဘာသာစကားနှင့် လုပ်ငန်းခွင် ဝင်ရောက်မှုတွင် အခက်အခဲမဖြစ်စေရေး လုပ်ငန်းခွင် အကြို လေ့ကျင့်သင်ကြားပေးနေမှုတို့ကို ကြည့်ရှုစစ် ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက စက်ရုံ၊ အလုပ် ရုံများတွင် လုပ်သားအင်အားလျော့ချခြင်း၊ ပိတ်သိမ်း ရခြင်းများရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော် ၏ ကုန်ထုတ်စွမ်းအားပိုင်းဆိုင်ရာ ထိခိုက်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆင့် အားနည်းစေနိုင်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား များ လုပ်ငန်းခွင်ဆက်ဆံရေးတိုးတက် ကောင်းမွန်စေ ရေးအတွက် မည်သည့်ကိစ္စမဆို အပြုသဘောဆောင် ၍ ဥပဒေနှင့်အညီ စက်ရုံအတွင်း ငြိမ်းချမ်းစွာညှိနှိုင်း ဖြေရှင်းခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း။

အလုပ်ရှင်များက ကြုံတွေ့နေရသည့် အခက် အခဲများကို သုံးပွင့်ဆိုင်လက်တွဲ၍ နိုင်ငံကုန်ထုတ် စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပင်လုံမြို့၌ ဆီထွက်ပဲပုပ်စိုက်ပျိုးရေး ကွင်းသရုပ်ပြပွဲကျင်းပ

**ပင်လုံ စက်တင်ဘာ ၆**

ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး စိုက်ကွင်း တွင် ယနေ့နံနက်ပိုင်းက ဆီထွက်ပဲပုပ် စိုက်ပျိုးရေးကွင်း သရုပ်ပြပွဲကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများ က ကြည့်ရှုအားပေးကြသည်။

ရှမ်းပြည်နယ်အတွင်း စားသုံးဆီဖူလုံစေ ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိရာ ရှမ်းပြည်နယ်တွင် ဆီထွက် ပဲပုပ်ကို မူလက ဧက ၃၆၀၀ စိုက်ပျိုးကြောင်း၊ ယခုအချိန်တွင် ပဲပုပ်စိုက်ဧက ၃၉၀၀ အထိ တိုးချဲ့စိုက်ပျိုးထားကြောင်း၊ တစ်နည်းအားဖြင့် တိရစ္ဆာန်အစာ ပဲပုပ်မှုန့်ကို ပြည်ပမှ ဝယ်ယူ တင်သွင်းမှုလျှော့ချနိုင်ရန် ရည်ရွယ်၍ ဆီထွက် ပဲပုပ်စိုက်ပျိုးရေး ဆောင်ရွက်နေခြင်းဖြစ် ကြောင်း သိရသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်လုံစိုက်ပျိုးရေးရုံးအတွင်း စိုက်ပျိုးထားသည့် ပြောင်း၊ မြေပဲနှင့် အခြား သီးနှံများ စိုက်ပျိုးအောင်မြင်နေမှုကိုလည်း ကောင်း၊ ကော်ဖီပျိုးဥယျာဉ်သို့လည်းကောင်း၊ ရုံးအတွင်းကပ်ထားသည့် တောင်သူပညာပေး ပိုစတာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။ **လှိုင်လင်းမိုး**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။
"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"
First Aid and Sports
Ready, Set, Respond




## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် စက်တင်ဘာ ၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လေထုညစ်ညမ်းမှုကို တိုက်ဖျက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုနှစ် အထိမ်းအမှတ်နေ့ ဆောင်ပုဒ်မှာ **"သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့"** ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့် လူသားတို့၏ ကျန်းမာရေးကို သိသိသာသာ ထိခိုက်နေသည့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်နိုင်ရန်အတွက် ပိုမိုခိုင်မာသည့် ပူးပေါင်းဆောင်ရွက်ဖြေရှင်းမှုများတွင် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ခိုင်မာသည့် မူဝါဒများချမှတ်နိုင်ရေး၊ ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ တာဝန်ခွဲဝေယူမှုများကို အလေးထားဆောင်ရွက်ရေးအတွက် ရည်ရွယ်ကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် လေထုညစ်ညမ်းမှုကြောင့် ရာသီဥတုပြောင်းလဲမှု ဆိုးရွားစေပြီး စိုက်ပျိုးသီးနှံထွက်နှုန်းများ ကျဆင်းလာခြင်း၊ သီးနှံများ၏ကြီးထွားနှုန်း လျော့နည်းလာပြီး အာဟာရဖြစ်မှုတန်ဖိုးလည်း လျော့ကျစေနိုင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် လေထုအရည်အသွေးများရှိသော ပတ်ဝန်းကျင် ရရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက လေထုအရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့နှင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော အစိမ်းရောင်နည်းပညာများ ပိုမိုကျယ်ပြန့်စွာ အသုံးပြုရေး၊ မြို့ပြတည်ဆောက်ရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် နည်းပညာသစ်များ အသုံးပြုနိုင်ရေး၊ သစ်တောနှင့် ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေးများတွင် ဌာန၊ အဖွဲ့အစည်းနှင့် ပြည်သူအားလုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများသည် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် ဗီဒီယိုကို ကြည့်ရှုပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော အထိမ်းအမှတ်ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်လတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



ကျိုက်လတ် စက်တင်ဘာ ၆

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြစ်နှီခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ) ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုမည့် Tablet နှင့် ဆက်စပ်ပစ္စည်းများ၊ သင်တန်း လမ်းညွှန်စာအုပ်များကို တာဝန်ရှိသူများက ကြည့်ရှုခဲ့ပြီး ဟောပြောပွဲသို့တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုးနဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်



မိုးနဲ စက်တင်ဘာ ၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)နှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးခွန်မြင့်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးက စီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ဆောင်ကျဲနှင့် နားအွန်ကျေးရွာ နှစ်ရွာအတွက် ငွေကျပ် သိန်း ၁၀၀ စီကိုလည်းကောင်း၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဆောင်ရွက်မည့် ဟဲကေကျေးရွာအတွက် ငွေကျပ် သိန်း ၂၀၀ ကိုလည်းကောင်း၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ဆောင်ကျဲ၊ နားမွန်း၊ နားအွန်၊ နားကဲ့နှင့် ဆွမ်မရမ်းကျေးရွာ ငါးရွာအတွက် တစ်ရွာလျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် ငွေကျပ် သိန်း ၇၅၀ တို့ကို ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး သန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကျေးရွာအလိုက် ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရာ ကျေးရွာစီမံကိန်း ကော်မတီဝင်များက လက်ခံရယူကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော် Hu Xuefeng ဦးဆောင်သော ဧည့်သည်တော်အဖွဲ့ ခြောက်ထပ်ကြီးဘုရားကြီးအား ဖူးမြော်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ သွားရောက်လေ့လာ




**ရန်ကုန် စက်တင်ဘာ ၆**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော် Hu Xuefeng ဦးဆောင်သော ဗုဒ္ဓဘာသာဖျူရိုမှ အဖွဲ့ဝင်များပါဝင်သော ဧည့်သည်တော်အဖွဲ့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ဗဟန်းမြို့နယ်ရှိခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြပြီး အလှူငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌဆရာတော် Hu Xuefeng ဦးဆောင်သော အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ သွားရောက်ရာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ နှင့် တာဝန်ရှိသူများက တက္ကသိုလ်တွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသော ဘာသာရပ်များနှင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းကာ အလှူငွေများ ပေးအပ်ခဲ့ကြသည်။

ထို့အတူ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့သည် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး စက်တင်ဘာ ၆ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦးနှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မကွေး စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ၂၀၂၄ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းတိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တရားသူကြီးချုပ် ဒေါ်မိမိမော်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် မကွေးမြို့နယ် ဂီတအစည်းအရုံးမှ အဖွဲ့လိုက် သီဆိုဖျော်ဖြေခြင်း၊ အခြေခံပညာကျောင်းမှ "ကျေးလက်ဂုဏ်ရည်" သီချင်းဖြင့် ကပြဖျော်ဖြေခြင်းအစီအစဉ်များ ဆောင်ရွက်ကာ ဖွင့်ပွဲအခမ်းအနားတွင် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်အဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် မဟာဂီတ အခြေခံပညာ/ အဆင့်မြင့်ပညာနှင့် ဝါသနာရှင် အဆိုပြိုင်ပွဲ၊ ခေတ်ဟောင်း-ကာလပေါ် အခြေခံပညာ/ အဆင့်မြင့်ပညာနှင့် ဝါသနာရှင် အဆိုပြိုင်ပွဲ၊ အမျိုးဂုဏ်/ ဇာတိဂုဏ် အဆင့်မြင့်ပညာ/ ဝါသနာရှင် အဆိုပြိုင်ပွဲများ၊ အသက် ၁၀ နှစ်မှ ၁၅ နှစ်အထိ အခြေခံပညာ အကပြိုင်ပွဲ၊ အဆင့်မြင့်ပညာ အကပြိုင်ပွဲ၊ ကဗျာလွတ်အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲတွင် အဆင့်မြင့်ပညာ/ အခြေခံပညာနှင့် ဝါသနာရှင်ပြိုင်ပွဲများ၊ အတီးပြိုင်ပွဲတွင် အခြေခံပညာ တယောအတီးပြိုင်ပွဲ၊ မယ်ဒလင်ဝါသနာရှင်ပြိုင်ပွဲ၊ နှဲဝါသနာရှင်ပြိုင်ပွဲ၊ အခြေခံပညာ ပတ္တလားအတီးပြိုင်ပွဲ၊ အခြေခံပညာ/ဝါသနာရှင် စန္ဒရားအတီးပြိုင်ပွဲ၊ အခြေခံပညာဆိုင်း တစ်ဦးချင်းပြိုင်ပွဲ/ အဖွဲ့လိုက်ပြိုင်ပွဲ၊ ကွက်စိပ်ဝါသနာရှင် ပြိုင်ပွဲ၊ အိုးစည်အခြေခံပညာ/ ဝါသနာရှင် အတီးပြိုင်ပွဲ၊ ဒိုးပတ်အခြေခံပညာ/ ဝါသနာရှင်အတီးပြိုင်ပွဲတို့ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Aung Gyi Group of Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် JAC E10X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ACE အိမ်ရာ၊ စိန်ပန်းလမ်း၊ ခြံအမှတ်(၂၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Unity and Development Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၅-၉-၂၀၂၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Unity and Development Party) ၏ အလံပုံစံ**




**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Unity and Development Party) ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် ဆက်စပ်၍ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေပြည်သာ စက်တင်ဘာ ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် ဆက်စပ်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဦးစီးအရာရှိ ဒေါက်တာမိုးမိုးက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာအမူအကျင့်ကောင်းများနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောပြီး လက်ထောက်ကြီးကြပ်ရေးမှူး ဦးစောလှမင်းက ကျောင်းသား ကျောင်းသူများနှင့် အမှိုက်အစို/အခြောက်ခွဲခြားခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

ဆက်လက်၍လက်ထောက်ကြီးကြပ်ရေးမှူး ဦးခင်မောင်လေးက ကျောင်းသား ကျောင်းသူများနှင့် အသိပညာပေးကဗျာများ ရွတ်ဆိုကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**မြင့်ဦး**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲတက်ရောက်

**တောင်ကြီး စက်တင်ဘာ ၆**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ပြိုင်ပွဲများအလိုက် ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာအလင်္ကာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှု ကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတို့တွင် အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးကြသည့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ဆရာမ ရှစ်ဦးအပါအဝင် ဆရာ ဆရာမ အကဲဖြတ်ဒိုင်များကို ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ထွန်း၊ ပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်တို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ဇနီးက လည်းကောင်း၊ ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက လည်းကောင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများကို ရှမ်းပြည်နယ် အမျိုးသမီးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ၌ ကပြဖျော်ဖြေတင်ဆက်ပေးကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင် -၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့်တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ သန်လျင်မြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်၌ တောင်သူများအား နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**နမ့်စန် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ တောင်သူပညာပေးကွင်းပြပွဲနှင့် နေကြာမျိုးစေ့၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက အမှတ်(၅)ကျေးရွာအုပ်စု အမှတ်(၁၀)ကျေးရွာအနီးရှိ နမ့်စန်စိုက်ကွင်းအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် စိုက်ခင်းရှေ့တွင် ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသီဟထွန်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဝမ်ပုံ၊ လွိုင်ယဲ၊ အမှတ်(၅)နှင့် မက်မွန်မုန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၆၀ အား နေကြာမျိုးစေ့ စုစုပေါင်း ၈ေ ၆၀ စာနှင့် ယူရီးယားဓာတ်မြေဩဇာ အိတ် ၆၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးထားသော စိုက်ခင်းများအား ကွင်းသရုပ်ပြခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ တောင်သူများက ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသော စိုက်ခင်းများ၊ ကော်ဖီရာသီသီးနှံဌာနခွဲမှ စိုက်ပျိုးထားသော စိုက်ခင်းများနှင့် နှစ်ရှည်သီးနှံဌာနခွဲမှ စိုက်ပျိုးထားသော မက္ကဒေးမီးယားစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နမ့်စန်(ပြန်/ဆက်)**




# သထုံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**သထုံ စက်တင်ဘာ ၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို စက်တင်ဘာ ၄ ရက်က နောင်ကုလားရှမ်းရွာရှိ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဟန်ဝင်းထွဋ်၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ဒုတိယရဲအုပ် ဖြိုးသူခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား ကျောင်းသူများ သိသင့်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိပြီးလိုက်နာကြစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်း ကျဆင်းစေရေး ဆောင်ရန်/ရှောင်ရန် အချက်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်



**ပုသိမ် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၃/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာရွှေဝါခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ခဲ့ကြသည်။

**အမှာစကားပြော**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် "နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များ ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံကောင်းမွန်စေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ နေရာများအလိုက် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို တတ်စွမ်းသရွေ့ ဖော်ဆောင်ကြရန်လိုအပ်ကြောင်း၊ ဥပဒေ၏ အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်ရရှိစေရေး ပညာပေးမှုများနှင့်ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများအား ဥပဒေအသိပညာပေးသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း" အမှာစကား ပြောကြားပြီး သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၄)ကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ငါးရက်ကြာ သင်တန်းသား ၁၀၀ အား နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သော ဥပဒေဘာသာရပ် ၁၇ ခု၊ စီးပွားရေး စာချုပ်စာတမ်းအကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ ဥပဒေအရာရှိ ကိုးဦးက သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သဃ်န်းကျွန်းခရိုင် သန်းခေါင်စာရင်းကော်မတီက ခရိုင်အဆင့်နည်းပြသင်တန်း ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် သန်းခေါင်စာရင်းကော်မတီက ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်နံနက်ပိုင်းက အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်းရှိ စကားဝါခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သဃ်န်းကျွန်းခရိုင် သန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားသည်။

အဆိုပါ ခရိုင်အဆင့်နည်းပြသင်တန်းကို ခရိုင်အတွင်းရှိ သဃ်န်းကျွန်း၊ တာမွေ၊ ရန်ကင်း၊ တောင်ဥက္ကလာပ မြို့နယ် လေးမြို့နယ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၉ ဦးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ် ဆရာမကြီးများနှင့် ဆရာမများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းအောင်**



# ကြို့ပင်ကောက်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကြို့ပင်ကောက် စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ရဲတပ်ဖွဲ့မှ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥပုသ်သီတင်း သီလဆောက်တည်ကြသည့် ဒေသခံပြည်သူများ စိတ်ကြည်လင်ချမ်းမြေ့စေရန် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက မင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါပြည်သူ့အကျိုးပြုလုပ်ငန်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းဦးစီး၍ ရဲအုပ်လွင်မျိုးကျော်နှင့် တပ်ဖွဲ့ဝင် ၂၂ ဦးတို့က မင်းကျောင်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း အပြင် သန့်ရှင်းသာယာလှပရေးအတွက် မြက်များရှင်းလင်းခြင်း၊ ခြင်များခိုအောင်းနိုင်သော ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကျေးလက်လမ်းတံတားလုပ်ငန်း ငါးခု ဆောင်ရွက်ပေးမည်

**ညောင်ဦး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့နယ်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (အထွေထွေပိုလျှံ)ရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်း နှစ်ခု၊ တံတားလုပ်ငန်း သုံးခု စုစုပေါင်း ကျေးလက်လမ်းတံတားလုပ်ငန်း ငါးခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းတံတားလုပ်ငန်းများမှာ ကုန်းတန်းကြီးကျေးရွာ အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင်ရေကျော်တစ်စင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ၊ မင်းနန်သူကျေးရွာလမ်း ကတ္တရာလမ်းခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် ရေကျော်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများဖြစ်သည်။ လုပ်ငန်းအားလုံးကို စက်တင်ဘာလ ပထမပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာကျေးရွာနေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။



**မင်းမြင့်မိုရ်**

# တိုက်ကြီးမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**တိုက်ကြီး စက်တင်ဘာ ၆**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ဂျိုးဖြူစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဦးစွာ ယာဉ်ထိန်းတပ်ဖွဲ့စု (၆၁) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်လင်းထွန်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဟောပြောသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၃၅ ဦး တက်ရောက်ပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဘီးလင်းမြို့ (မူလွန်) မုသင်-၂ ကျောင်း၌ လူငယ်အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်

**ဘီးလင်း စက်တင်ဘာ ၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲများကို ယနေ့မွန်းလွဲပိုင်းက (မူလွန်) မုသင် ၂ ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ရည်မှန်းချက်များ အောင်မြင်စေရေး၊ ကျောင်းစာအပြင် ဗဟုသုတတိုးပွားစေမည့် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေး ထွေးမှုများ ကျဆင်းပပျောက်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# အစ္စရေးနှင့်ဟားမတ်စ် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်အသစ်တစ်ရပ် ပြုလုပ်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား



**ဝါရှင်တန် စက်တင်ဘာ ၆**

အမေရိကန်အပါအဝင် ကြားဝင်ဖျန်ဖြေသော မိတ်ဖက်နိုင်ငံများဖြစ်သည့် အီဂျစ်နှင့် ကာတာတို့သည် အစ္စရေးနှင့် ဟားမတ်စ်တို့အတွက် အပစ်အခတ် ရပ်စဲရေးဆိုင်ရာ အဆိုပြုချက် အသစ်တစ်ရပ်ကို လာမည့်ရက်ပိုင်းအတွင်း ပြုလုပ်မည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်က ယနေ့ ပြောကြားသည်။

ဘလင်ကန်သည် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွတ်မြောက်ရေးအတွက် ဆွေးနွေးမှုများနှင့်ပတ်သက်ပြီး စက်တင်ဘာ ၅ ရက်တွင် ဟေတီနိုင်ငံ၌ သတင်းထောက်များကို ပြောကြားသည်။

လက်ရှိ အဆိုပြုချက်ကို နှစ်ဖက်စလုံးက ၉၀ ရာခိုင်နှုန်း သဘောတူညီထားသော်လည်း အခြားအရေးကြီးကိစ္စများဆွေးနွေးရန် ကျန်ရှိနေသေးကြောင်း ဘလင်ကန်က ပြောကြားသည်။

အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့သည် အစ္စရေး-ဟားမတ်စ်အရေး အမြန်ဆုံးအဆုံးသတ်စေရန် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆိုသည်။

လာမည့် အဆိုပြုချက်ကို အစ္စရေးနှင့် ဟားမတ်စ်တို့လက်ခံနိုင်ခြင်းမရှိပါက အမေရိကန်ဦးဆောင်သော စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ဆောင်ရွက်မှုများကို အဆုံးသတ်မည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက ယခုလ အစောပိုင်းတွင် သတင်းဖော်ပြခဲ့သည်။

အီဂျစ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဂါဇာကမ်းမြောင်ဒေသရှိ မဟာဗျူဟာအရ အရေးပါသည့် ဖီလာဒယ်လ်ဖီယာစင်္ကြံ၌ အစ္စရေးတပ်ဖွဲ့များ ဆက်လက်ဖြန့်ကြက်ထားရှိမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု က အခိုင်အမာ ပြောကြားသည်။ ဟားမတ်စ်သည် အဆိုပါနေရာ၌ အစ္စရေး တပ်ဖွဲ့ဝင်များ တပ်ဖြန့်ထားရှိခြင်းကို သဘောတူညီမှုမရှိပေ။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တောင်ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ခုနစ်သိန်းကျော်ထိခိုက်ခဲ့

**ဂျူဘား စက်တင်ဘာ ၆**

တောင်ဆူဒန်နိုင်ငံ၌ ခရိုင်ပေါင်း ၇၈ ခုအနက် ခရိုင် ၃၀ တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေပြီး လူပေါင်း ၇၁၀၀၀၀ ကျော် ထိခိုက်ခဲ့ကြောင်း ကုလသမဂ္ဂ ကယ်ဆယ်ရေးအေဂျင်စီက စက်တင်ဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် မေလမှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုများမှ တစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် စားရေရိက္ခာရှားပါးမှု၊ စီးပွားရေးထိခိုက်မှုများအပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများလိုအပ်မှုအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးမှုများကြောင့် နေအိမ်များ၊ ကောက်ပဲသီးနှံများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေကိုလည်း မြင့်တက်လာစေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံ၌ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ရေကြီးရေလျှံမှုကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၃ ဒသမ ၃ သန်းအထိ ထိခိုက်ခဲ့ကြောင်းလည်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။ **ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ စူပါတိုင်ဖွန်း ရာဂိ ဝင်ရောက်ဖွယ်ရှိ၍ လေကြောင်းခရီးစဉ် ၃၃၀ ကျော် ဖျက်သိမ်း

**ဟနွိုင်း စက်တင်ဘာ ၆**

ဗီယက်နမ်နိုင်ငံ၌ စူပါတိုင်ဖွန်း ရာဂိ ဝင်ရောက်တိုက်ခတ်ရန် နီးကပ်လာခြင်းကြောင့် ပြည်တွင်း လေကြောင်းခရီးစဉ် ၂၄၀ နှင့် နိုင်ငံတကာ လေကြောင်းခရီးစဉ် ၇၀ အပါအဝင်လေကြောင်းခရီးစဉ် ၃၃၀ ကျော်ကို စက်တင်ဘာ ၇ ရက်တွင် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ယနေ့သတင်းဖော်ပြသည်။

ဟနွိုင်းမြို့တော်ရှိ နွိုင်ဘိုင်လေဆိပ်၊ ကွာနန်မြို့ရှိ ဗန်ဒွန်လေဆိပ်၊ ဟိုင်ဖန်မြို့ရှိ ကတ်ဘီလေဆိပ်နှင့် သာနန်ဟွာမြို့ရှိ သောင်ရှန်းလေဆိပ် စသည့် လေဆိပ်လေးခုတို့၌ လေကြောင်းခရီးစဉ်ပြေးဆွဲမှုများကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သိရသည်။




ဟနွိုင်း၊ ဟိုင်ဖန်၊ ထိုင်းဘင်း၊ ဟာနမ်မြို့တို့ အပါအဝင် မြောက်ပိုင်းဒေသရှိ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိသည့်ဒေသ ၁၀ ခုရှိ စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားမည်ဖြစ်သည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော်သား လေးသိန်းကျော်ကို သက်ဆိုင်ရာဒေသများ၌ တာဝန်ပေးထားကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ရာဂိသည် စက်တင်ဘာ ၆ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းဒေသသို့ စတင်ဝင်ရောက်နိုင်ပြီး မိုးသည်းထန်စွာရွာသွန်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာဒေသမှ ပါလက်စတိုင်းဒေသခံများအား ရွှေ့ပြောင်းသွားစေရေးအားထုတ်ခြင်းသည် စစ်ကြေညာခြင်းဖြစ်သည်ဟု ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးပြောကြား

**အမန် စက်တင်ဘာ ၆**

ဂါဇာဒေသမှ ပါလက်စတိုင်းဒေသခံများအား တိုက်ခိုက်ခြင်းဖြင့် ရွှေ့ပြောင်းသွားစေရေးအတွက် ကြိုးပမ်းအားထုတ်မှုသည် စစ်ကြေညာခြင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံကိုရည်ညွှန်းလျက် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အေမန် ဆာဖာဒီက ယမန်နေ့တွင် ပြောကြားသည်။



ဂျော်ဒန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာ ဘဲဘွတ်နှင့် ပူးတွဲသတင်းစာ ရှင်းလင်းပွဲကျင်းပစဉ် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ပါလက်စတိုင်းဒေသခံများကိုတိုက်ခိုက်နေသည့်အစ္စရေးနိုင်ငံအား ပိတ်ဆို့အရေးယူမှုချမှတ်ရန်အတွက် ဂျာမနီအား ဆာဖာဒီက တိုက်တွန်းခဲ့သည်။

ပဋိပက္ခများ ပိုမိုကြီးထွားစေရေး ဆောင်ရွက်နေသည့် အစ္စရေးအစိုးရနှင့် တာဝန်ရှိသူများကို ပိတ်ဆို့အရေးယူရာတွင် စနစ်တကျဆောင်ရွက်ရန် ၎င်းက ဂျာမနီနိုင်ငံခြားရေးဝန်ကြီးအား ပန်ကြားခဲ့သည်။ ပဋိပက္ခတစ်ရပ်၏ အခြေခံအကြောင်းရင်းကို သေချာကျနစွာ ကိုင်တွယ်ဖြေရှင်းခြင်းနည်းလမ်းဖြင့်သာ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးများရရှိစေမည်ဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဒေသတွင်း မတည်မငြိမ်ဖြစ်စေရေးအတွက် ဖန်တီးမှုများကို ဂျာမနီက လက်ခံမည်မဟုတ်ကြောင်းနှင့် ဂါဇာဒေသခံများအား ကူညီထောက်ပံ့နေသည့် ဂျော်ဒန်နိုင်ငံ၏ ဆောင်ရွက်ချက်များကို ချီးကျူးခဲ့ပြီး ဂျော်ဒန်နိုင်ငံအား ထောက်ပံ့ငွေအဖြစ် ယူရို ငါးသန်းပေးအပ်မည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာဘဲဘွတ်က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# ကျောင်းမီးလောင်၍ ကလေး ၁၇ ဦး သေဆုံးမှု စုံစမ်းစစ်ဆေးရန် ကင်ညာသမ္မတ ညွှန်ကြား

**နိုင်ရိုဘီ စက်တင်ဘာ ၆**

ကင်ညာနိုင်ငံအလယ်ပိုင်းတွင် ကလေးငယ် ၁၇ ဦးသေဆုံးခဲ့ပြီးအခြား၁၃ဦးမီးလောင်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သည့် ကျောင်းမီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ကင်ညာနိုင်ငံသမ္မတ ဝီလီယံရူတိုက စက်တင်ဘာ ၆ ရက်တွင် ညွှန်ကြားခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

## ပြောကြား

စက်တင်ဘာ ၅ ရက်ညပိုင်းက Nyeri ဒေသရှိ Hillside Endarasha Academy တွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုအတွက် တာဝန်ရှိသူများကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်နေသည့် ကင်ညာနိုင်ငံသမ္မတ ဝီလီယံရူတိုက ပြောကြားခဲ့သည်။

## အရေးယူဆောင်ရွက်

ယခုကဲ့သို့ ကြောက်စရာကောင်းသည့် အဖြစ်အပျက်ကို သေချာစုံစမ်းစစ်ဆေးရန် သက်ဆိုင်ရာအာဏာပိုင်များကို ညွှန်ကြားထားပြီး တာဝန်ရှိသူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျောင်းအကြီးအကဲနှင့် ဖုန်းပြောဆိုပြီးနောက် ကင်ညာနိုင်ငံသမ္မတ ဝီလီယံရူတိုက လူမှုမီဒီယာတွင် ရေးသားခဲ့သည်။

မီးလောင်မှုအတွင်း သေဆုံးခဲ့သူများသည် အသက် ခုနစ်နှစ်မှ ၁၁ နှစ်ကြား ဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့က ပြောကြားသည်။

## မီးလောင်မှုဖြစ်ပွား

ကင်ညာနိုင်ငံ အမျိုးသားရဲဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရီဆီလာအွန်ယန်ဂိုက မီးလောင်ရသည့် အကြောင်းရင်းကို ဖော်ထုတ်ရန် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများလည်း မီးလောင်မှုဖြစ်ပွားရာဒေသတွင် ရှိနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

မီးလောင်မှုကြောင့် ကျောင်းသားများနေထိုင်ရာ အဆောင်တစ်ခု မီးလောင်ပျက်စီးခဲ့ပြီး အဆိုပါကျောင်းသည် ပညာရေးစွမ်းဆောင်ရည်အတွက် ဒေသတွင်း၌ အကောင်းဆုံးဟု သတ်မှတ်ခံရသည့် ကျောင်းများထဲမှ တစ်ခုဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် သရက်မြို့နယ်၌ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံး အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၄၈၁၅၀၀) ကို လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၉၉၁၀၈၉) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၈၁၅၀၈၀) ကို လည်းကောင်း၊ **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၂၈၇၆၆၉** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

စက်တင်ဘာ ၅ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ် အတွင်း၌ လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chen Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ကျပ် ၇၇၁၉၇၅၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ တံတားဦး အဝိုင်းအနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၃၅၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးခရိုင် လှည်းကူးမြို့နယ်အတွင်း၌ တရား မဝင်ကျွန်းသစ် ၂ ဒသမ ၁၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၁၆၄၈) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုင်းတုံမြို့နယ် မဲကင်ကျေးရွာအနီး၌ တာချီလိတ်မြို့မှ မိုင်းတုံမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၈၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၉၇၀၆၈၁၇)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တံတားဦးခရိုင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**တံတားဦး စက်တင်ဘာ ၆**

(၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ်မြောက် တံတားဦးခရိုင် ရဲတပ်ဖွဲ့ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တံတားဦးခရိုင် ဒုတိယရဲမှူးကြီး ဇော်ဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက သွေးလှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တံတားဦးခရိုင် ရဲတပ်ဖွဲ့ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေကြသည့် တပ်ဖွဲ့ဝင် ၂၅ ဦးအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၉-၂၀၂၄ စနေနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓာတ္တဂ်သုတ်၊ ပုဗ္ဗဏှသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sports Info
- **၀၈:၄၀** လေ့လာစရာစုံလင်အဝိုမြန်ပြည်တစ်ခွင် 'လိမ္မော်ရောင်စိုက်ကွင်းကြီးဆီ'
- **၀၉:၁၅** လူတိုင်းစာတတ်မြောက်ရေးအားလုံးဝိုင်းဝန်းဆောင်ရွက်ပေး
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၁၅** လူငယ်ရေးရာအစီအစဉ်
- **၁၁:၀၀** ချစ်စရာ့အရွယ်ကစားကြမယ်
- **၁၁:၃၀** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- **၁၁:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ဒါကြောင့်စာတတ်အောင်သင်ပယ်'
- **၁၃:၃၀** MRTV National News
- **၁၆:၄၀** ပညာရေးစကားဝိုင်း(အပိုင်း-၁)
- **၁၇:၃၅** ဝန်းကျင်လေထုအရည်အသွေးကောင်းမွန်သန့်ရှင်းရေး
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၄၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်(Video Clip)
- **၂၁:၁၀** (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ) (ဝါသနာရှင် (ပထမတန်း)အဆင့်) (နှစ်သိမ့်ဆု) 'ငါးပါးသြအကျွရာဇာတ်တော်ကြီး' (ဧရာဝတီရုပ်စုံသဘင်အဖွဲ့)(ဧရာဝတီတိုင်းဒေသကြီး)

**mitv**

- **07:02** Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- **07:11** Weekly Review
- **07:27** The Man and The Elephant (Part-II)
- **07:43** Myanmar Designer Studio: Thura Lin
- **08:01** News
- **08:26** Skilled Performance of Traditional Myanmar Colored Glass Ball (Ep-8)
- **08:35** Traditional Customs of Holy Waso
- **09:01** Quiz Time (Ep-72)
- **10:01** News
- **10:26** Beasts of Asia (Indonesia)
- **10:46** Topical Topics; Yaykanyut… Good to Eat

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ဒံပေါက်လုပ်စားမယ်
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ(အပိုင်း-၂)
**ဝကကကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အသီကျခြင်းအတွက်ကျန်းမာစေသောနည်းလမ်းများ
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ထိန်းသိမ်းစို့လေဘိုးဘွားအမွေ
**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
သဘာဝမြေဩဇာပြုလုပ်နည်း
**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ရသာစုံလင်ဆွေညီနောင်တို့လက်ရာမင် (ကယားဖက်ထုပ်စားကြမယ်)
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဂဝံယဉ်ကျေးမှု
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ပြိုးပဒေသာ(စောလှချေနှင့်မောင်သာလှ)
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၀)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၉:၁၅** ကမ္ဘာတစ်ခွင်မြည်းစမ်းချင်
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာ ဥပဒေမှာ'**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၅)

**MRTV FARMERS / H TV Channel**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၀** တောင်သူအများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါ စိုက်ကြပါစို့
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၁၅** 'ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး' ဆေးဖက်ဝင်သခွားပင်
- **၁၈:၀၀** ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ (ဇာတ်လမ်း)
- **၂၂:၀၀** Satyaprem.Ki.Katha.2023 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / H TV Sports**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၅** Sports Max
- **၀၇:၄၀** Soccer View
- **၁၁:၀၀** အားကစားသတင်း
- **၁၅:၄၅** မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Mahar United FC Vs Hantharwady United FC

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## အာရှတွင် မြန်မာနိုင်ငံ ကြက်မောက်တောင်ဆည်အတွင်းသာ ကျက်စားနေထိုင်သည့် ဒေသမျိုးရင်း ငှက်ကိုးမျိုး ဂုဏ်ယူဖွယ် ရှင်သန်တည်ရှိနေ

ရန်ကုန် စက်တင်ဘာ ၆

အာရှတွင်မရှိသော ငှက်မျိုးစိတ်အချို့သည် မြန်မာနိုင်ငံ ကြက်မောက်တောင်ဆည်အတွင်း၌ ဒေသမျိုးရင်းများအဖြစ် တည်ရှိလျက်ရှိပြီး အဆိုပါငှက်ကိုးမျိုးသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ပြယုဂ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရှင်သန်ကျက်စားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းဘေးတွင်ရှိသည့် ကြက်မောက်တောင်ဆည်သည် ပုပ္ပားတောင်မှ တောင်ဘက်သို့စီးဆင်းသည့် တောင်ဆင်းချောင်းနှင့် ကျောက်ပုံချောင်းကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး ကြက်မောက်တောင်ဆည်ကို ကာကွယ်ရန် ကြက်မောက်တောင်ကြိုးဝိုင်း၊ ပုပ္ပားတောင်ကြိုးဝိုင်းတို့ကို ကနဦးစတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပုပ္ပားတောင်အမျိုးဥယျာဉ်ကိုဖွင့်လှစ်ခဲ့ကာ ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို အမှီပြုသည့် သစ်တောငှက်များနှင့် ကြက်မောက်တောင်ဆည်ကို အမှီပြုကြသည့် ရေပျော်ငှက်များ ကျက်စားလျက်ရှိရာ ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုရှင်သန်ကျက်စားလာမှုဖြင့် အင်းလေးကန်ကဲ့သို့ ငှက်ကြည့်ဝါသနာရှင်များ လာရောက်လေ့လာကြသည့်နည်းတူ ဒေသမျိုးရင်း ငှက်ကိုးမျိုးကိုလည်း လာရောက်လေ့လာလေ့ရှိပြီး အာရှတိုက်တွင်သာမက အာဆီယံနိုင်ငံတို့တွင်



မရှိသေးသော ဒေသမျိုးရင်း ငှက်မျိုးစိတ်ကိုးမျိုးကို ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကြက်မောက်တောင်ဆည်နှင့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်တို့တွင် လုံးဝကာကွယ်ထားသော ငှက်မျိုးစိတ် ၃၀၊ သာမန်ကာကွယ်ထားသော ငှက်မျိုးစိတ် ၄၉ မျိုးနှင့် ရာသီအလိုက်ကာကွယ်ထားသော ငှက်မျိုးစိတ် ၁၈ မျိုးတို့ ရှင်သန်ကျက်စားလျက်ရှိပြီး ရေပျော်ငှက်မျိုးစိတ် ၁၆ မျိုး၊ သစ်တောငှက်မျိုးစိတ် ၈၂ မျိုးဖြင့် စုစုပေါင်း ၉၈ မျိုးမှ ကောင်ရေ ၂၅၆၈ ကောင်ကို ထိန်းသိမ်းကာကွယ်ထား၍ နှစ်စဉ်ဆောင်းခိုငှက်များနှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ်များ၊ ရေပျော်ငှက်များလည်း ဝင်ရောက်ကျက်စားလေ့ရှိသည်။

အထူးသဖြင့် အာရှနှင့်အာဆီယံနိုင်ငံတို့တွင် မရှိသေးသော ကြက်မောက်တောင်ဆည် ဒေသမျိုးရင်းသစ်တောငှက်များဖြစ်သည့် စွေ့ငှက်(White– throated Babbler)၊ နဖားကြိုးအမြီးဝိုင်း(Hooded Treepie)၊ မြန်မာဘီလုံးငှက်(Burmese bushlark)၊ ငှက်မင်းသားဝမ်းဖြူ(Joderns's minivet)၊ ငှက်လက်မမြီးရှည်ညို(Burmese prinia)၊ ချိုးလင်းပြာ( Burmese collared dove)၊ မျက်ခုံးဖြူ ငှက်ပြာချောက်၊ မြန်မာတစ်ငှက်(Burmese Tit)နှင့် ဧရာဝတီဘူဘူး(Ayeyarwaddy bulbul)တို့ ထိုဒေသအတွက်သာမက ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ်များ ထိန်းသိမ်းရှင်သန်မှုသည် နိုင်ငံအတွက် ဂုဏ်တင့်လျက်ရှိသည်။

ကြက်မောက်တောင်ဆည်တွင် ကျက်စားနေထိုင်သည့် ငှက်မျိုးစိတ်များကို နှစ်စဉ် စာရင်းပြုစုမှတ်တမ်းတင်လေ့ရှိပြီး ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်၌ ငှက်မျိုးစိတ် ၉၈ မျိုးကို ကောက်ယူရရှိထားကာ ကမ္ဘာ့ရှားပါးစာရင်းဝင် ဆောင်းခိုငှက်များနည်းတူ ထိုဒေသအတွင်းသာတွေ့ရှိရသည့် ငှက်မျိုးစိတ် ကိုးမျိုးကိုလည်း ဆက်လက်ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "hirodrkn" TikTok အကောင့်နှင့် "Thant Zin Phyo" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်း ရိပ်သာ(အနောက်) ရပ်ကွက်နေ သန့်ဇင်ဖြိုးအား ချမ်းအေးသာစံမြို့နယ် အမှတ်(၆)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သာယာဝတီထောင်တွင် ထောင်ပိုင်အပါအဝင် ဝန်ထမ်းများက အာဏာအလွဲသုံးနေသည်ဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသား

နေပြည်တော် စက်တင်ဘာ ၆

သာယာဝတီထောင်တွင် ထောင်ပိုင်အပါအဝင် ဝန်ထမ်းများက ငွေကြေးကောက်ယူခြင်း၊ ထောင်တွင်းစီးပွားရှာခြင်းများ လုပ်ကိုင်ကာ အာဏာအလွဲသုံးနေသည်ဟု Khit Thit အမည်ခံ Facebook Page က ဩဂုတ် ၃၀ ရက်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်ကို စိစစ်ရာတွင် သာယာဝတီဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းထောင်၏လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သက်သာချောင်ချိရေးစသည့် ကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်စည်းကမ်းဖောက်ဖျက်သူများကို အကျဉ်းထောင်အက်ဥပဒေ၊ အကျဉ်းထောင်လက်စွဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲရေး နည်းလမ်းအတိုင်းသာ အပြစ်ပေးအရေးယူဆောင်ရွက်လျက်ရှိသည်။

သာယာဝတီဗဟိုအကျဉ်းထောင်တွင် တံခါးတာဝန်ကျအရာရှိသည် တားမြစ်ပိတ်ပင်ထားသောပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး အကျဉ်းထောင်အတွင်းသို့ ဝင်/ထွက်သည့် မည်သူမဆို ရှာဖွေစစ်ဆေးပြီးမှ ဝင်/ထွက်ခွင့်ပြုပေးလျက်ရှိပြီး ထောင်တွင်းတွင် ကွမ်းယာဆိုင်ဖွင့်ခြင်း၊ အကျဉ်းသားများအား ရောင်းချခြင်းမရှိကြောင်း။

သာယာဝတီဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ မိသားစုဝင်များက ၎င်းတို့အတွက် အပ်ငွေပေးသွင်းပါက ဒုတိယတာဝန်ခံအရာရှိက စိစစ်လက်ခံပြီး အပ်ငွေမှတ်ပုံတင်စာအုပ်တွင် စနစ်တကျစာရင်းရေးသွင်း၍ မြန်မာ့စီးပွားရေးဘဏ်၌ အပ်နှံထားကာ အကျဉ်းသား အကျဉ်းသူများက ဝယ်ယူလိုသည့် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပစ္စည်းဝယ်ယူမှု ကြီးကြပ်ရေးအဖွဲ့၊ ဈေးနှုန်းစုံစမ်းရေးအဖွဲ့၊ ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့ဟူ၍ အဖွဲ့များဖွဲ့ထားပြီး ရုံးတွင်းအမိန့် စာထုတ်ပြန်၍ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ထားကာ အကျဉ်းသားများ၏ အသုံးအဆောင်ပစ္စည်းများအား မဝယ်ယူမီ ဈေးနှုန်းစုံစမ်းရေးအဖွဲ့က ကနဦးသွားရောက်စုံစမ်းစေပြီးမှသာ ပစ္စည်းဝယ်ယူရေးအဖွဲ့အား စေလွှတ်၍ ဝယ်ယူစေလျက်ရှိကြောင်း၊ ပစ္စည်းများအား ရက်သတ္တ နှစ်ပတ်လျှင် တစ်ကြိမ် ဝယ်ယူပေးလျက်ရှိကာ ဈေးဝယ်ယူပေးရာတွင် ဈေးနှုန်းသက်သာပြီး လက်ကားဆိုင်၌သာ ဝယ်ယူရန် အမိန့်စာတွင် တစ်ပါတည်းထည့်သွင်းညွှန်ကြားထားပြီးဖြစ်၍ လက်ဝါးကြီးအုပ်ပြီး စီးပွားရေးလုပ်နေသည်မှာ မမှန်ကြောင်း။

ဒုကြီးကြပ်ရေးမှူးသည် ၂၀၂၄ ခုနှစ် မေ ၂၂ ရက်မှ ဇူလိုင် ၁၂ ရက်အထိ နေပြည်တော်တွင် သင်တန်းတက်ရောက်ခဲ့ပြီး ဇူလိုင် ၁၃ ရက်မှသာ စခန်းခွဲတွင် တာဝန်ပေးထားသူဖြစ်သဖြင့် ၂၀၂၄ ခုနှစ် မေလတွင် အကျဉ်းသားများအား ငွေကြေးကောက်ခံသည်မှာ မှန်ကန်မှုမရှိကြောင်း။

သာယာဝတီဗဟိုအကျဉ်းထောင်ရှိ အိပ်ဆောင်များ၊ တိုက်ခန်းများ လုံခြုံရေးအတွက် နေ့/ည အသုံးပြုလျက်ရှိသော သော့များသည် အိပ်ဆောင်များတွင် အလှည့်ကျခတ်၍ သုံးစွဲမှုများခြင်းကြောင့် ပျက်စီးမှုများရှိပြီး ထိုသို့ပျက်စီးပါက သက်ဆိုင်ရာအိပ်ဆောင်မှူးများက ရုံးတွင်းစာ အကျဉ်းချုပ်ဖြင့် တာဝန်ခံအရာရှိထံတင်ပြပြီး တာဝန်ခံအရာရှိကထောက်ပံ့ဌာနစိတ်သို့ အဟောင်းအပ်၊ အသစ်ထုတ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငွေကြေးများကို ဌာန၏ရန်ပုံငွေဖြင့်သာ ဝယ်ယူသုံးစွဲလျက်ရှိပြီး အကျဉ်းသားများအား ဝယ်ယူခိုင်းခြင်း၊ ငွေကြေးကောက်ခံခြင်း မရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

မိုးမိုး



## ရွှေပြည်သာမြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူထုအခြေပြုဗဟိုဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးနိုင်က စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများက စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စစ်ကိုင်းမြို့၌ မိုးစပါး၊ ဝါနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားကျင်းပ

မုံရွာ စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်း မိုးစပါး၊ ဝါနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ မြတ်ဇေယျာခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများ စနစ်တကျသုံးစွဲနည်းကို ပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ မိုးစပါး၊ ဝါနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားရှိမှုများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူနှစ်ဦးထံ သွင်းအားစုများ ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများထံ သွင်းစုများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါရုံးဝင်းအတွင်း အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတောင်သူများအား နေ့လယ်စာများ ဝေငှခဲ့ကြပြီး စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အွန်လိုင်းစနစ်ဖြင့်လေ့လာနိုင်ရေး နည်းပညာပေးစင်တာအတွင်း Mobile Phone ဖြင့်အသုံးပြုပုံများ ရှင်းလင်းပြသနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ စစ်ကိုင်းခရိုင်အတွင်း၌ ဆီထွက်သီးနှံအထူးဇုန်နှင့် ဝါသီးနှံအထူးဇုန်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပြီး ခရိုင်အတွင်းရှိ မြို့နယ်များ၌ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဝါသီးနှံ လျာထားဧက ၅၀၅၈၂ ဧက၊ စိုက်ပျိုးပြီးစီးမှုဧက ၂၀၈၃၈ ဧက၊ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာအနေဖြင့် လျာထားဧက ၁၀၀၈၈၄၇ ဧက၊ စိုက်ပျိုးပြီးဧက ၁၀၅၆၁၅ ဧကနှင့် ဆီထွက်သီးနှံအထူးဇုန်အနေဖြင့် လျာထားဧက ၁၁၁၁၇၅ ဧက၊ စိုက်ပျိုးပြီးဧက ၄၇၂၆၂ ဧကနှင့် မိုးစပါးအနေဖြင့် လျာထားဧက ၄၂၂၅၀၊ စိုက်ပျိုးပြီးဧက ၂၇၉၁၂ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပွဲတော် ကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

လှည်းကူး စက်တင်ဘာ ၆

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (လှည်းကူး) ၌ ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



## ရှင်းလင်းပြောကြား

အစည်းအဝေးတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော် ကျင်းပရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရမည့်အချက်များနှင့် ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ပွဲတော်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများ၊ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်သည်များကို တင်ပြခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

❖ (၃၇) ကြိမ်မြောက်မှ

ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့ပြီး အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၈၆၀-၇၀၀ မှတ်ဖြင့် အရေးနိမ့်ကာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ အဆိုပါအမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်းတို့က ပူးတွဲကြေးတံဆိပ်ဆုများ ရရှိခဲ့သည်။

အလားတူ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ လာအိုအသင်းက ငွေတံဆိပ်၊ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ် ရရှိခဲ့သည်။

အဆိုပါ ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ နည်းပြအုပ်ချုပ် ခြောက်ဦး၊ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၁ ဦးတို့သည် အမျိုးသားပြိုင်ပွဲများအဖြစ် (Team၊ Quadrant၊ Mixregu၊ Mixquadrant) အမျိုးသမီးပြိုင်ပွဲများအဖြစ် (Team၊ Quadrant၊ Hoop)ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာ ၆ ရက် နံနက်ပိုင်းပွဲစဉ်များအပြီးအထိ မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၂၅၀ |
| 95 Ron | ၃၃၅၅ | ၃၄၃၅ | ၃၄၁၀ | ၃၃၆၅ | ၃၄၃၅ | ၃၄၅၀ | ၃၄၆၀ | ၃၄၁၅ | ၃၅၄၀ | ၃၅၇၀ | ၃၄၂၅ | ၃၄၄၀ | ၃၄၇၀ | ၃၄၆၀ | ၃၄၇၅ | ၃၈၇၅ | ၅၄၅၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၀ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၀ | ၂၉၃၀ | ၂၇၈၀ | ၂၈၀၀ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၃၅ | ၅၂၅၀ |
| HSD (50 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |
| HSD (10 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၄၄ |
| 95 Ron | ၃၁၈၇ | ၃၂၈၄ |
| HSD (500 ppm) | ၂၅၆၄ | ၂၆၄၅ |
| HSD (50 ppm) | ၃၂၂၄ | ၃၃၁၈ |
| HSD (10 ppm) | ၃၂၂၄ | ၃၃၁၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ညောင်လေးပင်မြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်

ညောင်လေးပင် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ညောင်လေးပင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်း စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်း ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ အင်အား ၇၀ ဖြင့် ညောင်လေးပင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်း နှစ်ရှည်သီးပင်၊ စားပင်များ စုစုပေါင်း ၁၀၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန် / ဆက်)



## မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဝင်ငွေတိုးစီမံကိန်းသင်တန်းဖွင့်ပွဲ ကျင်းပ



**မြောင်းမြ စက်တင်ဘာ ၆**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းမှ အမျိုးသမီးများ ဝင်ငွေတိုးရေးအတွက် အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို မြောင်းမြမြို့နယ် မြပေါမာရပ်ကွက်၌ ယနေ့နံနက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဆွေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလင်းက မိသားစုဝင်ငွေတိုးရေး စီမံကိန်းမှ အမျိုးသမီးများ ဝင်ငွေတိုးရေးအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၆ ရက်မှ အောက်တိုဘာ ၅ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**ထက်(ဧရာဝတီ)**

## ကျွန်းစုမြို့၌ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျွန်းစု စက်တင်ဘာ ၆**

တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက်ပိုင်းက အမှတ် (၁) ရပ်ကွက်ရှိ မြို့အဝင်ဆိပ်ကမ်း၌ ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။




ထိုသို့ ဖြန့်ဝေရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးနှင့် ဝန်ထမ်းများက မြိတ်မြို့မှ ကျွန်းစုမြို့သို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိလာသော ခရီးသွားများနှင့် ဒေသခံပြည်သူများအား သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**




## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညှင်းစွာ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ဩဂုတ် ၉ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက် ဘင်္ဂလားပြည်နယ်ကမ်းခြေ-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (စိုက်မွေး) စာသင်ခန်း Grade-10 နှင့် Grade-11 တို့တွင် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးဘာသာရပ်များကို သင်ကြားနေသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၀ အား ယနေ့နံနက် ၁၀ နာရီခွဲတွင် အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးက အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့" ခေါင်းစဉ်ဖြင့် လေထုရှိအလွှာများနှင့် အဆိုပါအလွှာများ၏ အကြောင်းအရာများ၊ သန့်ရှင်းခြောက်သွေ့သော လေထုတွင်ပါဝင်သော ဓာတ်ငွေ့များနှင့်ပမာဏ၊ လေထု၏အရေးပါမှု၊ သန့်ရှင်းသောလေထုမရရှိသည့် ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများ၊ လေထုညစ်ညမ်းမှုကိုဖြစ်စေသော ဓာတ်ငွေ့များနှင့် ယင်းတို့၏ဆိုးကျိုးများ၊ အိမ်တွင်းလေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည့်နည်းလမ်းများနှင့် ဝန်းကျင်လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည့် နည်းလမ်းများကို ကျောင်းသား ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဟောပြောပြီး ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန် မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ကြကြောင်းသိရသည်။



**နေမျိုးအောင်(ဒဂုံတောင်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် စက်တင်ဘာ ၆**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရ "တင်တော်" ရေးသားသည့် "တုမဲ့နှုန်း၍ရွှေဘုန်းမော်နိုင်ပါစေနှင့် ဝတ္ထုတိုများ စုစည်းမှု" စာအုပ်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ဖုန်း-၀၁-၂၄၉၀၃၁၊၃၈၁၄၄စသို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြည်မြို့နယ် အသုတ်မြို့၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

**ရေကြည် စက်တင်ဘာ ၆**

ဧရာဝတီတိုင်း ဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရေကြည်မြို့နယ် အသုတ်မြို့ ကိုင်းချောင်အုပ်စု အညာတန်းကျေးရွာ သီရိမင်္ဂလာကျောင်းတိုက်၌ ကျင်းပသည်။



**သင်ကြားပေးမည်**

အခမ်းအနားတွင် ဧရာဝတီ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မဉ္ဇူဝင်းက ယခုသင်တန်းတွင် စာတွေ့/လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ ထူးချွန်သင်တန်းသားငါးဦးကို ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ ပေးအပ်မည်ဟု ပြောကြားခဲ့ပြီး အသုတ်မြို့ အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးပိုင်က သင်တန်းသားများအား ဒေသနှင့် ကိုက်ညီသော သင်တန်းဖြစ်၍ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို စက်တင်ဘာ ၆ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၁၀ ဦး တက်ရောက်သင်ကြား လျက်ရှိသည်။ လာမည့် အောက်တိုဘာ ၁၃ ရက်မှ ၂၇ ရက်အထိ ထပ်မံ၍ မွမ်းမံ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

❍ **ကျောဖုံးမှ**

စက်တင်ဘာ ၂၇ ရက်တွင်ကျင်းပမည့် ONE Friday Fights 81 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ နောက်တစ်ဦးဖြစ်သည့် စိုးလင်းဦး၏တွဲဆိုင်းလည်း ပါဝင်မည်ဖြစ်ပြီး စိုးလင်းဦးသည် အယ်လ်ဂျီးရီးယား/ ထိုင်းဖိုက်တာ နာဘေလ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ONE Championship**

❂ **ပေါ်တူဂီမှ**

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၀၉ ခုနှစ်မှာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ နဲ့ စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းသို့ မပြောင်းရွှေ့မီ မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၉၃ ပွဲမှာ သွင်းဂိုး ၁၁၈ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ စပိန်လာလီဂါမှာ ကိုးနှစ်ကြာ ပါဝင်ကစားခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပွဲစဉ် ၄၃၈ ပွဲမှာ သွင်းဂိုး ၄၅၀ သွင်းယူပေးခဲ့ကာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုအနေနဲ့ ဂျူဗင်တပ်အသင်းအတွက် သုံးနှစ်တာကာလအတွင်း သွင်းဂိုး ၁၀၁ ဂိုးသွင်းယူပေးခဲ့ပြီး မန်ယူအသင်းဆီ ပြန်လည်ပြောင်းရွှေ့လာချိန်မှာ မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၅၄ ပွဲမှာ သွင်းဂိုး ၂၇ ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝတစ်လျှောက် သွင်းဂိုးတွေကို ကြည့်မယ်ဆိုရင် အယ်လ်နားဆားအသင်းအတွက် ၆၈ ဂိုး၊ ဂျူဗင်တပ်အသင်းအတွက် ၁၀၁ ဂိုး၊ မန်ယူအသင်းအတွက် ၁၄၅ ဂိုး၊ ပေါ်တူဂီအသင်းအတွက် ၁၃၁ ဂိုး၊ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ၄၅၀၊ စပို့တင်းအသင်းအတွက် ငါးဂိုး စသဖြင့် သွင်းဂိုးစုစုပေါင်း ၉၀၀ အထိ သွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝ သွင်းဂိုး ၉၀၀ မှာ ပင်နယ်တီသွင်းဂိုး ၁၆၄ ဂိုး၊ အလွတ်တည်ကန်ဘောမှ သွင်းဂိုး ၆၄ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး ဟက်ထရစ် ၆၆ ကြိမ်ရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

(ယမန်နေ့မှ အဆက်)

၅။ အခြေခံပညာ(၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သီလာမြေယံ (ကြိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) ဟေမန်ပွေးဟန် (ပတ်ပျိုး)

**“နှဲ” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
(က) တောင်ယံတောလေး (မွန်)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) မဲဇာတောင်ခြေ (ပတ်ပျိုး)
(စ) အောင်မြေသာစံ (ပတ်ပျိုး)
(ဆ) ညင်းညင်း (မွန်)
(ဇ) အောင်မင်္ဂလာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
(က) ရေယမုန် (ပတ်ပျိုး)
(ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) ပန်းညောင်လှိုင်ဘွဲ့ (ယိုးဒယား)
(င) ပန်းဟောဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
(က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
(ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာသြဘာဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)
(က) မြန်ခန်းကျွန်းတွင်း (ကြိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)
(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ခ) လာချေပြီ (ကြိုး)
(ဂ) ထွေတလာ (ကြိုး)

**“ပလွေ” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
(က) ကောင်းချီးသဒ်ါ (မွန်)
(ခ) ကြံကြံဖန်ဖန် (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) ထောင်ရောင်နေ (သီချင်းခံ)
(င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(စ) မန်းတောင်လက်ျာ (ယိုးဒယား)
(ဆ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ဇ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) မှော်ရုံဟောဝန် (ယိုးဒယား)
(ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဃ) ယမုံနာ (ပတ်ပျိုး)
(င) သောင်းသောင်းညံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)
(က) လဲ့လဲ့စိမ်းရောင် (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)
(က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
(ခ) ဇေယျာမြို့ (ကြိုး)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

**“တယော” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဇွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ယာ (ယိုးဒယား)
(စ) မြန်ချာမြေကို (ပတ်ပျိုး)
(ဆ) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
(ဇ) နှင်းယွန်းခါဟေမန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မြိုင်ကြီးဟေမာ (ယိုးဒယား)
(ခ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)
(ဂ) သီတာရတနာ (ကာလပေါ်)
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(င) တောဟောဝန်လယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
(ခ) နန်းဘုံသီဟာဘွေ (ယိုးဒယား)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မဟာဇနက္က (ကာလပေါ်)
(ခ) မှန်ရဝေ (ပတ်ပျိုး)
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှောဝတီအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၆**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ တတိယအကျော့ ပွဲစဉ်(၁၅) ပထမ နေ့ကို စက်တင်ဘာ ၆ ရက်က စလင်း ကွင်း၌ ကျင်းပရာ ရှောဝတီအသင်းက လက်ရှိချန်ပီယံ မြဝတီအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ရှောဝတီအသင်းသည် လက်ရှိ ချန်ပီယံ မြဝတီအသင်းကို ဂိုးပြတ်သွင်းယူ ပြီး ထိပ်ဆုံးသုံးသင်းတွင် ရပ်တည်နိုင်ရန် အခြေအနေကောင်းသွားခဲ့သည်။ လက်ရှိ ချန်ပီယံ မြဝတီအသင်းသည် ယခုရာသီ တွင် ရုန်းကန်နေရပြီး ငါးပွဲမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာပြီး ပထမ ပိုင်းမှာပင် ရှောဝတီအသင်းက နှစ်ဂိုး အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ရှောဝတီ အသင်းအတွက် ၃၁ မိနစ်တွင် တိုက်စစ်မှူး စန်းသော်သော်၊ ၄၅+၁ မိနစ်တွင် နော်ထက်ထက်ဝေတို့က သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဒုတိယပိုင်းတွင် မြဝတီအသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရှောဝတီအသင်းက အကောင်းဆုံးတုံ့ပြန် နိုင်ခဲ့ပြီး အနိုင်သေချာစေမည့် တတိယ ဂိုးကို ၅၈ မိနစ်တွင် ဖြူဖြူကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံး ဆုကို ရှောဝတီတိုက်စစ်မှူး စန်းသော်သော်က ရရှိသည်။ ယခုပွဲအပြီးတွင် ရှောဝတီ အသင်းက ၁၃ ပွဲကစား ၂၃ မှတ်၊ မြဝတီ အသင်းက ၁၃ ပွဲကစား ရမှတ် ၂၀ ရရှိထား သည်။

ပွဲစဉ်(၁၅) ဒုတိယနေ့အဖြစ် စက်တင်ဘာ ၇ ရက်တွင် ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန် ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MWL**



ရှောဝတီအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်တွင်းဘောလုံးပွဲအချို့ ပွဲမပြီးခင် ရပ်နားခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၆**

စက်တင်ဘာ ၆ ရက် ညနေပိုင်းက ရန်ကုန်မြို့၌ ကျင်းပသည့် ပြည်တွင်းဘောလုံးပွဲအချို့မှာ မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် ပွဲမပြီးခင် ရပ်နားခဲ့ရပြီး ရွှေ့ဆိုင်းလိုက်ရကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ပထမနေ့အဖြစ် ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းသည် YUSC ကွင်း၌ ယှဉ်ပြိုင် ကစားရာ ပထမပိုင်းအပြီးတွင် ရပ်နားခဲ့ရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကွင်းအတွင်း ရေများဝပ်နေပြီး ဒုတိယပိုင်းမစတင်မီ မိနစ် ၃၀ စောင့်ဆိုင်းသော်လည်း မိုးအဆက်မပြတ်ရွာသွန်း နေခြင်း၊ ကွင်းအတွင်း ရေဝပ်မှုများပြားခြင်းနှင့် ပွဲကစားရန် လုံလောက်သည့် အလင်းရောင်မရှိခြင်း တို့ကြောင့် ပြိုင်ပွဲကြီးကြပ်သူ၊ ဒိုင်ကြီးကြပ်၊ နှစ်ဖက် အသင်းတာဝန်ရှိသူများညှိနှိုင်းကာ ပထမပိုင်းအပြီး ရလဒ်ဖြစ်သည့် တစ်ဂိုးစီသရေတွင် ရပ်နားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ် အနေဖြင့် ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်း ပွဲမှ ကစားရန်ကျန်ရှိသည့် ဒုတိယပိုင်း ၄၅ မိနစ်ကို ပြန်လည်ကစားစေမည်ဖြစ်ပြီး ကစားမည့်ရက်နှင့် အချိန်တို့ကို ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ကာ တစ်ဂိုးစီသရေရလဒ်အတိုင်း ဆက်လက်ကစား ရမည်ဖြစ်သည်။

ထို့အတူ ပဒုမ္မာကွင်း၌ ကျင်းပသည့် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) ပွဲစဉ်တစ်ပွဲဖြစ်သော သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ပွဲကို လည်း ပွဲချိန်မိနစ် ၃၀ တွင် ရပ်နားခဲ့ရသည်။ မိုးသည်း ထန်စွာရွာသွန်းကာ ကွင်းအတွင်း ရေများဝပ်နေပြီး ပွဲဆက်ကစားရန် မဖြစ်နိုင်သဖြင့် ရပ်နားရန် ဆုံးဖြတ် ခဲ့ခြင်းဖြစ်ပြီး ပွဲရပ်နားချိန်တွင် သစ္စာအားမာန်အသင်း က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရနေသည်။ ယင်းပွဲ၏ ကျန်ရှိသည့် လက်ကျန်မိနစ်များကို စက်တင်ဘာ ၇ ရက် ညနေ ၃ နာရီခွဲတွင် စလင်းကွင်း၌ ပြန်လည် ကျင်းပမည်ဖြစ်ပြီး ပြန်လည်ကစားရာတွင် ရပ်နားခဲ့ သည့်မိနစ်၊ ပွဲရလဒ်၊ ကစားသမားစာရင်းအတိုင်း ကစားရမည်ဖြစ်သည်။



MNL ပွဲစဉ်ဖြစ်သည့် ရတနာပုံနှင့် အား/ကာသိပ္ပံအသင်း ပွဲကစားသည့် YUSC ကွင်းအတွင်း ရေဝပ်နေမှုကို တွေ့ရစဉ်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၆-၉-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၅၅၉။ | နှစ်(၃၀)ပြည့် အထိမ်းအမှတ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၉)ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ၏ကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၅၆၀။ | ဒေါ်ခင်စန်းတင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၅၆၁။ | ဦးမောင်ကြိုင်နှင့်ဇနီး ဒေါ်ထွေးကြည်၊ (သား)ကိုမင်းကြိုင်ဆန်း၊ ကိုမင်းကြိုင်သန့်၊ (သမီး)မသီသီကြိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၅၆၂။ | ဦးစိုင်းကျော်ကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၆၃။ | ဒေါ်ရီရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၆၄။ | မောင်ဝသုန်ထူးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၆၅။ | ကွယ်လွန်သူ ဦးတင်မြင့်၊ ဦးဝင်းဘိုနှင့်ဒေါ်ကြည်တင် တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၆၆။ | မိခင်ကြီး ဒေါ်ခင်ညွန့်ဦးထိပ်ထားလျက် ဒေါ်နှင်းနှင်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၆၇။ | ဦးအောင်သန်းထွဋ်ဦးနှင့် ဦးစိုင်းကိုကိုဦးတို့ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၆၈။ | ဦးမောင်ကံနှင့် ဒေါ်ခင်သစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၆၉။ | ဦးအောင်လွင်နှင့် ဒေါ်ခင်မာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၀။ | ဒေါ်မာချစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၁။ | ဦးမောင်မောင်ဆန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၂။ | ဦးသိန်းဇော်မင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၃။ | ဦးအေးသွင်နှင့်ဇနီး ဒေါ်ကျင်ကျင်ဌေး၊ မအေးမွန်ဆု၊ မောင်ဖွဲ့သက်ခိုင်၊ မောင်နိုင်ဝဏ္ဏမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၄။ | ဦးထွန်းနှင့်ဇနီး ဒေါ်အုံးကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၅။ | ကွယ်လွန်သူ ဦးလေးကြည်အားရည်စူး၍ ဒေါ်ခင်လှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၆။ | ဒေါ်ခင်မျိုးဝင်းမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၇။ | မောင်ရဲမာန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၅၇၈။ | ဗိုလ်မှူးချုပ်မော်သိန်း(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၇၉။ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးဖေကြိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်နှင်းရီ၊ (သား)ဗိုလ်ကြီးထက်အောင်ခန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၈၀။ | ကွယ်လွန်သူဖခင်ကြီး ဦးမျိုးမြင့်အားရည်စူး၍ ဦးဥက္ကာမင်း နှင့်ဇနီး ဆရာမထက်ထက်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၅၈၁။ | ဦးဇော်မင်းသန့်နှင့်ဇနီး ဒေါ်သန်းသန်းယဉ်၊ (သမီး)မဆုပြည့်မင်းသန့်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၅၈၂။ | ဦးထွန်းမင်းလတ်နှင့်ဇနီး ဒေါ်ခိုင်နှင်းဖြူ၊ (သမီး)မအိန္ဒြာထွန်းမင်း၊ မနှင်းလွင်ထွန်းမင်းမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၅၈၃။ | မိုးညှင်းဆရာတော် ဦးဓမ္မပိယကောင်းမှု | ၇၀၀၀၀ |
| ၉၅၈၄။ | ဦးစံတင်နှင့်ဇနီး ဒေါ်မြင့်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၈၅။ | ဦးနိုင်မင်းထွန်းနှင့်ဇနီး ဒေါ်သွယ်သွယ်အောင်၊ (သား)မောင်သုတအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၈၆။ | ဒေါ်ခင်မူနှင့် ဒေါ်ခင်ပွားညီအစ်မကောင်းမှု | ၅၀၀၀၀ |
| ၉၅၈၇။ | ကွယ်လွန်သူ မိခင်ဒေါ်မြအေးအားအမှူးထား၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၈၈။ | ဦးဇော်မြင့်နှင့်ဇနီး ဒေါ်အေးရှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၈၉။ | ဦးကျော်ဖြိုးသာနှင့်ဇနီး ဒေါ်သျှားအိသွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၀။ | ဦးမျိုးမြင့်သိန်းနှင့်ဇနီး ဒေါ်ချိုချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၁။ | ဦးကိုကိုလတ်နှင့်ဇနီး ဒေါ်စန္ဒာ၊ (သမီး)မဇင်အိမ်ထွန်းလတ်၊ (သား)မောင်ဟန်ထွန်းစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၂။ | ဦးညီညီထက်နှင့်ဇနီး ဒေါ်နန်းမွေးမွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၃။ | ဦးလင်းအောင်သိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၄။ | ကွယ်လွန်သူ ဦးမောင်ကိုနှင့် ဒေါ်မြကြည်တို့အားရည်စူး၍ ဦးသန်းဌေးနှင့်ဇနီး ဒေါ်နန်းညွန့်ညွန့်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၅၉၅။ | ဆရာတော်ဦးတေဇဝန္တကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၆။ | ဒုတိယဗိုလ်မှူးကြီးတင်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်နွဲ့နွဲ့သိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၇။ | ဗိုလ်မှူးကြီးရဲမိုးနှင့်ဇနီး ဒေါ်လေးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၈။ | ဦးကျော်ဖံသိန်းနှင့်ဇနီး ဒေါ်ချိုချိုလတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၉၉။ | ဦးမောင်ဆန်းနှင့်ဇနီး ဒေါ်ချိုမာသက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၀။ | ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၁။ | ဦးမောင်သန်းမြင့်နှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၂။ | ကိုဟန်ထူးနှင့်ဇနီး မနန္ဒာဝင်း၊ (သမီး)မငြိမ်းစုဟန်၊ မသီရိစုဟန်၊ (သား)မောင်ထူးတေဇာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၃။ | ဦးဇော်လွင်နှင့်ဇနီး ဒေါ်မိုးမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၄။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်ခင်လှရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၅။ | ဦးကျော်ဇင်လွင်နှင့်ဇနီး ဒေါ်ပေရယ်မိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၆။ | ဒေါ်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၇။ | ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ ဦးဝင်းကြည်နှင့်ဇနီး ဒေါ်ဌေးဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၈။ | ကွယ်လွန်သူ ဦးမျိုးညွန့်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၀၉။ | ဒေါက်တာရဲမင်းဟိန်းနှင့်ဇနီး ဒေါ်ယမုံကျော်စိုး၊ (သမီး)မမြတ်သဒ္ဒါဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၁၀။ | ဒေါက်တာမျိုးသန့်တင်နှင့်ဇနီး ဒေါက်တာဒေါ်မြရီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၁၁။ | ဦးချစ်ဝင်းနှင့်ဇနီး ဒေါ်တင်တင်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၁၂။ | ဦးလှကြီးမောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၁၃။ | ဦးအောင်မြင့်သန်းနှင့်ဇနီး ဒေါ်နန်းနန်းလေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၁၄။ | ဦးထွန်းရွှေနှင့်ဇနီး ဒေါ်ခင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

(ခ) **ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂/အနောက်)၊မာန်ပြေ(၁)အနောက်လမ်း၊ မြေကွက်အမှတ်(ဂ၂၆/ခ)၊အကျယ်အဝန်း(အလျား၂၀ပေX အနံ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှသိန်းမှအမည်ပေါက်ပြီး အမည်ပေါက်ကွယ်လွန်၍ ၎င်း၏အမွေဆက်ခံပိုင်ခွင့်ရှိသူ သားသမီးများဖြစ်သောဒေါ်လုံး(TKA-105308)+၇ တို့မှ မိမိတို့ကိုယ်တိုင်တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီးလွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ,**
**ဒေါ်ဇင်မိမိစိုး**
**အထက်တန်းရှေ့နေ**
**(LL.B, D.M.L)(စဉ်-၄၁၄၀၀)**

**Ph : 09-796766946, 09-405100500**
**No.9, (14)ward, KanbaeThitsar Road,Royal Thitsar Condo,YankinTownship,Yangon.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် (၂၅/အေ) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၇) ထပ်တိုက်၏ ပထမထပ်၊ (၂-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ( ၁၂ ၁/၂ x ၅၀ ) ပေရှိ တိုက်ခန်း (တစ်ခန်း)နှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်ခင်ခင်စု [၇/ဇကန(နိုင်)၀၃၁၆၅၈] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၁၄)ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ စတုတ္ထထပ်၊ (၅-လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀) ပေရှိ တိုက်ခန်း (တစ်ခန်း)နှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးကျော်စိုး [၁၂/အစန(နိုင်)၀၉၆၀၉၁]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း (ဇေယျဝတီ)လမ်း၊ အမှတ် (၁၆) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆) ထပ်တိုက်၏ တတိယထပ် (၄) လွှာ A (ခေါင်းရင်းခန်း)၊ ဧရိယာ (၁၂ ၁/၂ x ၅၀) ပေကျယ်ဝန်းသော တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင် (ရေ + မီး) အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်နွဲ့ယဉ်ဖြိုး [၁၄/လပတ(နိုင်)၂၂၈၀၈၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ တိုက်ခန်း ပိုင်ဆိုင်မှုကို မည်သူမဆို အဆိုပါ ပိုင်ဆိုင်မှုကို အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်ကိစ္စမဆို ဆောင်ရွက်လာပါက တရားဥပဒေနည်းလမ်းရှိသမျှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွှန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း- ၀၉-၄၂၈၇၇၀၈၂၀** | **ဖုန်း-၀၉ - ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။**

## “အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၆၀/၇၀)၊ အခန်း (၄၀၁)နေ နိုင်ငံသားစိစစ် ရေးကတ်ပြားအမှတ် [၁၂/လမတ(နိုင်)၀၃၆၅၈၂]ကို ကိုင်ဆောင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အဲမာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (ပလရ)အပိုင်အုပ်စု၊ ကြူစမ်းရွာသစ်ကျေးရွာ၊ ကရဏာ(၃)လမ်းတွင်ရှိသော အကျယ်အဝန်း (၂၇'x၅၀') မြေကွက်ပေါ်ရှိ အိမ်နှင့်ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ချောစုနွယ် [၇/ညလပ(နိုင်) ၁၃၈၈၅၆]က ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်းအောင် [၅/ကနန(နိုင်)၀၅၂၃၃၆]နှင့် ဒေါ်အဲမာ [၁၂/လမတ(နိုင်) ၀၃၆၅၈၂]တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**နော်စုလှဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၆၀၃၃) (၁၇–၉–၂၀၁၉)**
**အမှတ်(၉၃)၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၆၈၅၈၂၊ ၀၉–၇၆၇၂၅၀၈၇၀**

**ဦးတင်မျိုးကျော် (LL.B,D.B.L,WIPO)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၃၃၁၉/၁၄–၉–၂၀၁၇)**
**အမှတ်(၈/၁၄၉)၊ ရန်ကြီးအောင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ Ph:09–450040704**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁၈

**၁။ ဦးသန်းဇော်ဦး နှင့် ဦးသက်တင်**
**၂။ ဒေါ်မိမိခိုင်**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ (၅၀)ရပ်ကွက်၊ ပန်းသဇင်လမ်း၊ အမှတ်–၇၇၇နေ ဦးသက်တင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **“ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁၉

**၁။ ဒေါ်ရွှန်းလဲ့ရီ နှင့် ဒေါ်မေမေကြင်**
**၂။ ဒေါ်အေးမွန်မွန်ဌေး**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ်–၈၅၉ နေ ဒေါ်မေမေကြင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **“ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁–ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်–၁၄၇၅ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၄၁၊ မြေကွက်အမှတ်–၁၄၇၅၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ ပေ x ၆၀ ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်တင်မိုး [၁/နမန(နိုင်) ၀၀၄၀၇၃] မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ မြေအမည်ပေါက်သူ ဒေါ်တင်တင်မိုးနှင့် ခင်ပွန်း ဦးအောင်ငွေတို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏တစ်ဦးတည်းသောသားဖြစ်ကြောင်း အဆိုပြုသူ ဦးဇော်ရှိန်း [၁၂/ဒဂမ(နိုင်)၀၂၂၄၇၀]က ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်း၊ အမွေဆိုင် အပေါင်အနှံအရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၆၇ (မြေညီထပ်)၊ ၃၈–လမ်း (အလယ်)၊ ၆–ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၉၅၉၅၅၀၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

အမှတ်(၅၃)၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေ ဦးလာခါး [၁/မကန(နိုင်)၀၅၀၉၉၂] နှင့် ဒေါ်လုမိုင် [၁/မကန(နိုင်)၀၁၃၇၀၂] တို့၏ သား မောင်နန်လီ [၁/မကန(နိုင်)၁၃၃၉၈၉] သည် မိဘနှစ်ပါးတို့၏ ဆိုဆုံးမမှုအား နာခံမှုမရှိဘဲ မိဘနှစ်ပါးနှင့် မောင်နှမများအပေါ် စိတ်ဆင်းရဲအောင် နည်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ် ပြုလုပ်သောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်နန်လီနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် လူမှုရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စ၊ အခြားမမျှော်မှန်းနိုင်သောကိစ္စရပ်များ ပေါ်ပေါက်လာခဲ့လျှင် မိဘနှစ်ပါးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလာခါး၊ ဒေါ်လုမိုင်တို့နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်းနှင့် တာဝန်မယူပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလာခါးနှင့် ဒေါ်လုမိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၅၈၅)**
**အမှတ် (၁၅၁)၊ လမ်းသွယ် (၁၄)၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့။ ဖုန်း–၀၉–၄၀၀၀၆၉၈၉၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁)လမ်း၊ အမှတ်(၈/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–ရန်ကုန်သစ်၊ မြေကွက်အမှတ်–၇၆၉၊ ဦးမြင့်စိုး (ISN–၅၃၇၂၇၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ မြေဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိမြေကွက်မှ တရားဝင် မခွဲစိတ်ရသေးသည့် အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ) (ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်အရောင်းအဝယ် ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးဝင်းလတ် [၁၂/သဃက(နိုင်)၀၀၁၂၉၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးထွန်းထွန်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၆၀၂၆)**

**ဦးချမ်းငြိမ်းမောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၄၈၅၀၁)**

**ရုံးခန်းအမှတ်– ၆၂၊ (ပထမထပ်)၊ အခန်း(၂)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၅၆၈၅၂၉၁၃၊ ၀၉–၇၉၅၂၉၇၉၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၄၀၀)၊ မြေကွက်တည်နေရာအမှတ်(၄၀၀)၊ ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသိန်းစိန်(CE–၀၂၃၄၂၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းစိန်(ဖခင်)နှင့် ပထမဇနီးဖြစ်သူ ဒေါ်သိန်းသိန်း(မိခင်)တို့ ကွယ်လွန်သဖြင့် ပထမအိမ်ထောင်မှမွေးဖွားသော သား/သမီးများဖြစ်ကြသော ဦးကြည်ဝင်း [၁၂/ဥကတ(နိုင်)၀၆၇၉၆၇]၊ ဒေါ်နွယ်နွယ်ရီ [၁၂/ဥကတ(နိုင်)၀၆၃၉၂၉]၊ ဦးဇော်ဝင်း[၁၂/ဥကတ(နိုင်)၀၆၅၉၆၆]၊ ဒေါ်သင်းသင်းရီ[၁၂/ဥကတ(နိုင်)၀၆၃၉၂၆] တို့နှင့် အမည်ပေါက် ဦးသိန်းစိန်၏ ဒုတိယဇနီး ဒေါ်တင်အေး(မိခင်)ကွယ်လွန်ပြီး ဒုတိယဇနီးနှင့်မွေးဖွားသော သား/သမီး(၃)ဦးအနက်မှ သမီးတစ်ဦးဖြစ်သူ ဒေါ်တင်တင်ရီ (မိခင်ထက်စော၍ကွယ်လွန်သဖြင့်) ၎င်း၏အစုအတွက် အမွေမမီမြေးများဖြစ်ကြသော ဦးရဲမင်းသူ[၁၂/ဥကတ(နိုင်)၁၇၆၇၇၈]၊ ဦးကျော်မင်းသူ [၁၂/ဥကတ(နိုင်)၁၉၆၈၇၀] တို့နှင့် ဒုတိယအိမ်ထောင်၏ သား/သမီးများဖြစ်ကြသော ဒေါ်စုစုရီ [၁၂/ဥကတ(နိုင်)၀၆၃၉၂၄]၊ ဦးလှဝင်း[၁၂/ဥကတ(နိုင်)၀၆၃၉၂၈]တို့ ပူးတွဲ၍ သား/သမီး/အမွေမမီမြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၇၂၄/၂၀၂၄(၁၇–၆–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၇)လမ်း၊ တိုက်အမှတ် (၄၉)၊ ၈–ထပ် တိုက်၏ (၈)လွှာ (လက်ယာဘက်) (ညာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၃ ပေ x ၅၀ ပေ) ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီးအပြည့်အစုံနှင့်တကွ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁) ဦးစောအောင်သူ [၁၀/ဘလန(နိုင်)၀၀၂၈၉၆]နှင့် (၂) ဒေါ်လဲ့လဲ့ဝင်း [၁၂/လသန(နိုင်)၀၁၁၀၅၆] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ် (၁)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၁)၊ ပုဏ္ဏမီလမ်း၊ မြေကွက်အမှတ် (၄၅၆/ က )၊ (၂၀ x ၆၀) ပေရှိ ဒေါ်မြမြအေး (TKA–၀၂၄၂၅၅) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မျိုးလွင် [၁၂/သလန(နိုင်)၀၀၃၂၀၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဟန်ထွန်း [၈/ရစက(နိုင်)၀၁၈၁၀၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်ဇေယျာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၇၂၁၃)**

**ဦးမိုးဆက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၉၄၂၆)**

**အမှတ် (၁)၊ Shop House အိမ်ရာ၊ (၉၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၄၄၀၃၂၊ ၀၉–၇၆၄၂၄၄၀၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ် (၇၇)ဟုခေါ်တွင်သော အဆောက်အအုံ၏ (၆)လွှာ (ဘီ)၊ (ဘယ်) အကျယ်အဝန်း (အလျား ၁၇ ပေ x အနံ ၇၀ ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ် စာချုပ်အပြည့်အစုံနှင့် ဝန်ခံကတိပြုသူ ဒေါ်သီတာမြင့် [၉/မမန(နိုင်)၀၁၃၉၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်သန်း(လမ်းမတော်) B.Sc, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၉၅၉)**
**အမှတ်(၁၁၄)၊ ဆင်မင်းလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–09–421093312**

## အမည်ပြောင်း

နေပြည်တော်အ.ထ.က (၈) Grade–1 ကျောင်းသူ မစုမြတ်ဖြိုး (ဘ) ဦးဇော်မျိုးသူအား မဆုမြတ်ဖြိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၈၈)၊ ၁၂၇၅ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၈၈)၊ သုမိတ္တာ(၆)လမ်း၊ (၁)ရပ်ကွက်၊ ဦးလှထွန်း(N/OKA–၀၆၇၃၂၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးလှထွန်း(ဖခင်)သည် (၄–၅–၂၀၁၆)ရက် နေ့တွင် လည်းကောင်း၊ ဒေါ်စန်းရီ(မိခင်)သည် (၁၄–၁၀–၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်ဇင်မာထွန်း [၁၂/ဥကမ(နိုင်) ၁၇၆၁၆၆]၊ ဒေါ်ချိုချိုထွန်း [၁၂/ဥကမ(နိုင်)၁၇၆၁၁၅]၊ ဒေါ်အိအိထွန်း[၁၂/ဥကမ(နိုင်)၂၀၂၅၀၀၇]၊ ဦးအောင်မျိုးထွန်း [၁၂/ဥကမ(နိုင်)၂၂၈၉၆၇]၊ ဦးအောင်မိုးထွန်း [၁၂/ဥကမ(နိုင်) ၂၂၈၉၆၈]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီး(၅)ဦး တော်စပ်ကြောင်း မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၈၆၅/၂၀၂၄ (၂၈–၅–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ဝဇီယာလမ်း၊ အမှတ်(၅၈၂/ခ)၊ သက်ဆိုင်ရာပါမစ်ဌာနတွင် မောင်ဖာရွတ် (ခ) တင်ထွန်းအမည်ပေါက်သည့် ပါမစ်မြေအမျိုးအစားမြေကို အဆင့်ဆင့်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင် လက်ဝယ်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးလှမြင့် [၁၂/ရကန(နိုင်)၀၂၇၂၃၆]ထံမှ ကျွန်မ ဒေါ်နှင်းဆွေအောင် [၁၂/ဒဂတ(နိုင်)၀၃၇၆၈၃]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နှင်းဆွေအောင်**
**[၁၂/ဒဂတ(နိုင်)၀၃၇၆၈၃]**
**အမှတ်(၁၀၇/ခ)၊ ချယ်ရီ(၅)လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်။**
**ဖုန်း–၀၉–၂၅၄၁၈၁၇၄၄**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ မြသီတာလမ်း၊ အမှတ်–၁၀/ဘီ တွင်တည်ရှိ သော MYANMAR EXECUTIVE NETWORK COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၀၀၇၅၆၄၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအမှတ်တံဆိပ်နှင့်စပ်လျဉ်းပြီး အများသိစေရန် ကြေညာအပ်ပါသည်–

Oral-D

၄/၇၃၃၁/၂၀၂၄

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ခွန်အားဖြည့်ဓာတ်ဆားအမှုန့်နှင့် အရည်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ထည့်သွင်းထုပ်ပိုးပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်အပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ် အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မှီငြမ်းပြီးတုပသုံးစွဲခြင်း၊ ထင်ယောင်ထင်မှား ၊ ဆင်တူယိုးမှား သွယ်ဝိုက်၍သုံးစွဲခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်ခိုရာခိုင်
### အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်းသွယ်၊ အိမ်အမှတ်(၅၁၉)နေ (ဦးပန်းခိုင်-ဒေါ်အုံးပွင့်)တို့၏ သမီး၊ (ဦးမြသင်-ဒေါ်မိ)တို့၏ ချွေးမ၊ (ဦးတင်အုံး)ညွှန်ချုပ်(ငြိမ်း) လေကြောင်းဦးစီးဌာန၏ ဇနီး၊ ဒေါ်ခင်သွဲ့အုံး၊ ဦးစိန်သန်း-ဒေါ်မြင့်မြင့်အုံး၊ ဦးသန့်ဇင်အုံး-ဒေါ်ဝင်းမာ၊ဒေါ်အေးအေးအုံး၊ဦးသီလ-ဒေါ်နီလာအုံး၊ဦးတင်မောင်အုံး-ဒေါ်ကြည်ကြည်လေး၊ ဒေါ်မာလာအုံး၊ ဦးမျိုးဇင်အုံး-ဒေါ်လွင်မာ တို့၏ မွေးသမိခင်၊ မြေး(၁၃)ယောက်၊ မြစ်(၆) ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်ခိုရာခိုင် သည် ၉၆ ပါးသော ရောဂါဖြင့် ၆.၉.၂၀၂၄ ရက်နေ့ ည ၈နာရီ ၁၀ မိနစ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈.၉.၂၀၂၄ (တနင်္ဂနွေနေ့) တွင် ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(ဝတ်ပြုဆုတောင်းမည့်အချိန်ကို ထပ်မံအသိပေးပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
## ဒေါ်သန်းကြည် အသက်(၁၀၀)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အိုင်သပြုကျေးရွာနေ (ဦးထန်+ဒေါ်အေးကြွေ) တို့၏ သမီး (ဦးတင်မောင်+ဒေါ်သောင်းမေ)တို့၏ညီမ၊ (ဦးခင်ညို)+ဒေါ်တင်လှိုင်၊ ဦးလှဝင်း+(ဒေါ်ကျင်မွှေး) တို့၏အစ်မ၊ ဦးမျိုးတင့်+ဒေါ်အေးအေးမြင့်၊ ဦးငွေအောင်ကျော်+ဒေါ်တင်တင်ဥ၊ ဦးခင်မောင်လတ်+ဒေါ်ခင်မာဝေ၊ ဒေါ်ခင်မာဆွေ၊ ဦးစိုးဝင်းအောင်+ဒေါ်မေနန်း၊ ဦးအောင်သူ+ဒေါ်စန္ဒာသော်ဦး၊ ဦးဟန်မျိုးအောင်+(ဒေါ်တင်တင်ထွေး)+ဒေါ်မေသက်ဇင် တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ (ဦးဆန်း(ခ)ဦးဆန်းကွီးဆောင်)၏ ဇနီး၊ ကိုထွန်းထွန်းလင်း+မစမ်းစမ်းဝေ၊ ကိုအေးသူရကို+မသီသီမွန်၊ ကိုပိုင်စိုးအောင်+မအေးသက်မွန်၊ ကိုဘုန်းမြင့်ကျော်၊ Dr.အောင်မွန်+Dr.ရည်မွန်ဦး၊ မမြတ်နိုးပိုင် တို့၏ ချစ်လှစွာသော အဖွား၊ မြစ်(၄)ယောက် တို့၏ ဘွားဘွားကြီး၊ ဒေါ်သန်းကြည်သည် ၆-၉-၂၀၂၄ (သောကြာနေ့) နံနက် (၄း၀၀) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန် သွားပါသဖြင့် ၈-၉-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ(၂း၀၀)နာရီတွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ် ကို ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၀၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရောဝဏ်လမ်းမကြီး၊ (၇)အရှေ့၊ အမှတ်- ၆၇/၆၈၊ မြေကွက် အမှတ်- ၇၂/(ခ)၊ ၇၃/(က)၊ အလျား(၁၉)ပေx အနံ(၅၄)ပေရှိ နှစ်ခန်းတွဲ(ရင်ကွဲ)၊ (၈)ထပ်ခွဲတိုက်၏ တတိယထပ်(ခြေရင်းခြမ်း)၊ အခန်းအမှတ်(B-4)**အား နောက်ဆုံးစာချုပ်ဖြင့် ပိုင်ဆိုင်သူ **ဦးနေနေထွေး [၁၂/သဃက(နိုင်) ၀၄၀၄၃၄]** ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူ၍ ကျွန်ုပ်မိတ်ဆွေ **ဒေါ်အေးသီရိမွန် (ခ)နှင်းရဝေဇင် [၇/ရတရ(နိုင်)၁၀၁၇၆၅]**မှ ရောင်းကြေးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်းနောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ဒေါ်အေးသီရိမွန် (ခ)နှင်းရဝေဇင်ထံသို့ဖြစ်စေ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သင်းသင်းစိုး (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၁၉၅)**

**ဒေါ်ခိုင်ခိုင်ဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၄၃)**

**အမှတ်(၂၃၂)၊ ဒါဘာ(ဘီ)၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**

**ဖုန်း- ၀၉-၇၆၃၃၄၆၀၁၇၊ ၀၉-၄၂၀၂၆၆၇၁၃**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ မြေကွက်အမှတ်(၂၀၁)၊ အိမ်အမှတ်(၃၈)၊ မြေအကျယ်အဝန်း (အလျား ၂၅ပေ x အနံ ၅၀ပေ) ရှိ ဦးစိုးနိုင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ ကန်ထရိုက်တိုက် အဆောက်အဦ၏ ပထမထပ်၊ (2/A)လွှာ၊ (ခေါင်းရင်းဘက်ခြမ်း) တိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးနိုင် [၁၂/ကတတ(နိုင်)၀၃၂၃၈၃]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြတ်သန္တာဇော် (LL.B, D.IT) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၂)**

**အမှတ်(၁၂၀၂/ခ)၊ ဒေဝဒဟ(၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၂၅၀၅၀၄၁၂၂၊ ၀၉- ၇၉၆၃၄၅၃၈၈**

---

## "ကန့်ကွက်နိုင်ပါသည်"

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁/တပင်ရွှေထီး)၊ မြေကွက်အမှတ်-( ၁၀၆/ခ )၊ မြေဧရိယာ(၀. ၀၂၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁/တပင်ရွှေထီး)၊ မြေကွက်အမှတ်-( ၁၀၇/က )၊ မြေဧရိယာ(၀. ၀၂၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်(ဦးထွန်းမြစိန်-အမည်ပေါက်မြေကွက်များ)နှင့်ယင်းမြေကွက်များတည်ရှိရာအမှတ်- ၁၀၆/ခ+၁၀၇/က၊ ဆင်ဖြူရှင်လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောအကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကာမာရာစီ (ခ) ဦးတင်ဝင်း (၁၂/ဒလန (နိုင်) ၀၉၄၄၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) D.B.L,D.M.L (စဉ်-၁၂၆၃၉)

ဒေါ်မိုးမိုးအေး (LL.B) D.B.L,D.M.L,D.I.L WIPO,DL-101 Switzerland (စဉ်-၈၅၅၈)

(တရားလွှတ်တော်ရှေ့နေများ) (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုရာခိုင်
### အသက် (၉၅)နှစ်

ဗိုလ်မှူးချုပ် သန့်ဇင်အုံး (ငြိမ်း)-ဒေါ်ဝင်းမာ တို့၏ မိခင် ဖြစ်သူ ဒေါ်ခိုရာခိုင် အသက် (၉၅)နှစ် သည် ၆.၉.၂၀၂၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၂) မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးခင်မောင်မြင့် (ငြိမ်း) (ရေ-၃၃၀၁)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်ထားထား၏ခင်ပွန်း ဗိုလ်မှူးခင်မောင်မြင့်(ငြိမ်း)သည် ၄-၉-၂၀၂၄ ရက် နံနက် ၆:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဏ္ဏဝါဖောင်ဒေးရှင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စန်းဝင်း
### အသက် ( ၆၆ )နှစ်

ဦးစိုးသန်း(ဒုတိယအင်ဂျင်နီယာမှူးကြီး)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်စန်းဝင်း အသက်(၆၆)နှစ်သည် (၅-၉-၂၀၂၄)ရက်နေ့ ညနေ ၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ**
**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**

---

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂-လမ်း၊ အမှတ် (၁၉)၊ ပထမထပ် တိုက်မျက်နှာမူလျှင် (ယာ)ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်နွယ်နီအောင် [၁၂/မဂတ(နိုင်) ၀၈၂၄၈၁]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅) LL.B,DBL,DML,DIL,DLP.**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**

**B.Sc, Hon (IC),HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-5017044**

---

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃-လမ်း၊ အမှတ် (၄၅)၊ မြေညီထပ် (ထပ်ခိုးအပြည့် ) ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဦးထက်နိုင်ဝင်း [၁၀/မလမ(နိုင်) ၂၃၃၅၁၇]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP.**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**

**B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-5017044**

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တော်ရှုအိုင်
### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၃၇)နေ [ဦးမောင်မောင်(ခ)လီဟန်ချွမ်း]၏ ချစ်လှစွာသောဇနီး၊ (ဦးမြသိန်း)၊ (ဦးအောင်ဝင်း-ဒေါ်အေးအေးဝင်း)၊ (ဦးစိုးမြင့်)-ဒေါ်တူး၊ ဦးစိုးတင့်-ဒေါ်တင်တင်မြင့်၊ ဒေါ်ခင်ခင်၊ ဦးမြဝင်း-လင်ကင်ဝှားတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ် ကိုးယောက်တို့၏အဘွား ဒေါ်တော်ရှုအိုင်သည် ၅-၉-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၂၄ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန်းတင် BA,B.L (Notary)
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတောင်တန်းဒေသဗုဒ္ဓဘာသာသာသနာပြုအဖွဲ့**
**အကျိုးဆောင်ချုပ်**
**မြန်မာနိုင်ငံအဘိဓမ္မာပြန့်ပွားရေး**
**နာယကကြီး**
**ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏**
**ဂုဏ်ထူးဆောင်နာယက**
**(မြိတ်မြို့နယ်အသင်း)**
### အသက်(၈၈)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်နေ (ဦးရွှေဖုံးရင်-ဒေါ်သံဆင်)တို့၏သား၊ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇောတရေ (ဦးသန်းအောင်)၏ညီ၊ Bosun Kun Zaw (Sea Harmony Shipping Co.LTD)-ဒေါ်ကြည်ကြည်တင်၊ ဒေါ်သိင်္ဂီ(ခေတ္တ-Japan)တို့၏ မွေးသဖခင်၊ မချမ်းမြေ့သီရိဇော်(ခေတ္တ-Korea)၊ မကေသရီကွန်းဇော် (ခေတ္တ- Korea)၊ မောင်ဥက္ကာကျော်၊ မောင်ခန့်အောင်ဟိန်းတို့၏အဘိုး၊ အမှတ်(၅၀)၊ ပထမထပ်၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ပဘာဝတီ၏ ခင်ပွန်း ဦးသန်းတင် အသက် (၈၈)နှစ်သည် ၂-၉- ၂၀၂၄ရက် (တနင်္လာနေ့) ည ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၄-၉-၂၀၂၄(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၂၄ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်နှင့် အဏ္ဏဝါမေ္ဘာရုံတို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ထင်
### အသက်(၇၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ ကျောက်စိမ်း (၂)လမ်း၊ အမှတ်(၂၅၉)နေ (ဦးညိုလေး-ဒေါ်မြို့စိန်)တို့၏သား၊ (ဦးဝင်းကြည်)-ဒေါ်သက်မာတို့၏သားသမက်၊ ဦးသက်ထွန်းဦး-ဒေါ်ခင်ဖြိုးနိုင်၊ ဦးထက်အောင်မင်း-ဒေါ်ယုဖူးသွယ်တို့၏ဖခင်၊ မသွန်းယမုံထက်၏ ချစ်လှစွာသော အဘိုး၊ ဒေါ်ခင်မာဝင်း၏ခင်ပွန်း ဦးကျော်ထင် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)သည် ၆-၉-၂၀၂၄ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၈-၉-၂၀၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၂၄ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် နေအိမ်သို့ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၆၃/စက်မှုဇုန်၊ ရွှေတောင်ကြားလမ်း၊ မြေကွက်အမှတ်- ၁၁၁၃+ ၁၁၁၄ ၊ မြေကွက်တည်နေရာအမှတ်- ၁၁၁၃+ ၁၁၁၄၊ ၆၃/စက်မှုဇုန်ရပ်ကွက်၊ ဒဂုံတောင် ဒေါ်တင်ရီ (AD-၀၂၉၂၃၇) အမည်ပေါက် နှစ် (၆၀) စက်မှုမြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်တင်ရီကွယ်လွန်၍ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်စိုး [၁၂/ကတတ(နိုင်) ၀၁၉၄၃၁] မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် - ၁၈၉၁/၂၀၀၈ (၂၇-၈-၂၀၀၈) ဖြင့် ပိုင်ဆိုင်ခဲ့ပါသည်။ ဦးမောင်မောင်စိုးထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် အမှတ် - ၇၂၈၀/၂၀၁၂ (၁၆-၁၁-၂၀၂၁) ဖြင့် ဝယ်ယူသူ ဦးသောင်းဌေး [၈/မလန (နိုင်) ၀၀၈၁၄၆]မှ ဧရိယာ (၈၀ပေx ၆၀ပေ) အနက်မှ မခွဲမစိတ်ရသေးသည့် မြေကွက်အမှတ်-၁၁၁၃၊ ဧရိယာ (၄၀ပေx၆၀ပေ)အား ဝယ်ယူခဲ့ပါသည်။ ဦးသောင်းဌေး (ခင်ပွန်း)ဖြစ်သူသည် (၇-၇-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်အေးအေးမူ [၈/မလန (နိုင်) ၀၀၈၈၃၈] မှ တရားဝင်အမွေဆက်ခံ ခွင့်ရှိသူ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီးမယားတစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း၊ မိမိတစ်ဦးတည်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၀၂၂/၂၀၂၃ (၁၀-၁၁-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ ဦးမောင်မောင်စိုး၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၆၃၄၆/၂၀၀၉ (၁၆-၇-၂၀၀၉) ရရှိသူ ဦးအောင်စိုး [၁၀/မလမ (နိုင်) ၁၅၂၂၁၂] မှ ကိုယ်စားလှယ် လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ် - ၃/၁၁၂၅/ ၂၀၂၄ (၂၀-၃-၂၀၂၄) နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာ RC (၂)ထပ် (၁)လုံးတွင် ဒေါ်အေးအေးမူမှ သော့ဖွင့်ပြ၍ (၁)ထပ်သွပ်မိုး ဂိုဒေါင်(၁)လုံးတွင် ဦးအောင်စိုးမှ လုပ်ငန်းလုပ်ကိုင်ပြီး ဒေါ်အေးအေးမူ၊ ဦးအောင်စိုး တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်အေးအေးမူ၊ SP ဦးအောင်စိုးတို့၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့်လျော်ညီသည့် နည်းပညာများကို အကျိုးရှိရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...**

❖ **အတတ်ပညာ၊ အသိပညာ ပြည့်စုံသည့်လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့် နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒို ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်ခဲ့ပြီ

ပေါ်တူဂီအသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ စက်တင်ဘာ ၅ ရက်က ခရိုအေးရှားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ နေးရှင်းလိဂ်ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၉၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ကလပ်အသင်းတွေဖြစ်တဲ့ စပို့တင်းလစ္စဘွန်း၊ မန်ယူ၊ ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်နဲ့ လက်ရှိကလပ်အယ်လ်နားဆားအသင်းတို့နဲ့အတူ ဂိုးသွင်းစံချိန်တင်ခဲ့တဲ့အပြင် နိုင်ငံအသင်းအတွက်လည်း သွင်းဂိုး ၁၃၁ ဂိုးအထိရှိလာခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❂



## (၃၇)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၆

ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိသော ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား (Mixregu)ပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ ရွှေတံဆိပ်တစ်ခုကိုထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရရှိခဲ့ပြီး လာအိုအသင်းက ဒုတိယ၊ ကိုရီးယားအသင်းနှင့် တရုတ်အသင်းတို့က တတိယ ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယမန်နေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် အမျိုးသမီး Hoop (ကွင်းသွင်းခြင်းခတ်) ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် အမျိုးသား + အမျိုးသမီး လေးယောက်တွဲ

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❖




## ONE Friday Fights 81 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သန့်ဇင်၏တွဲဆိုင်း ပါဝင်လာမည်

ရန်ကုန် စက်တင်ဘာ ၆

**စက်တင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ONE Friday Fights 81 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သန့်ဇင်၏တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။**

သန့်ဇင်သည် ဂျပန်နိုင်ငံသား တာကီရူနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး မွေထိုင်းပွဲစဉ်မဟုတ်ဘဲ ဖလိုင်းဝိတ်တန်း ကစ်ဘောင်ဆင်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ယခင်စီစဉ်ထားသည့် တွဲဆိုင်းတွင် တာကီရူ၏ပြိုင်ဘက်ကစားသမား ဒဏ်ရာရသွားသဖြင့် သန့်ဇင်နှင့် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ သန့်ဇင်သည် ONE Championship နှင့် လက်တွဲအပြီး နှစ်ပွဲထိုးသတ်ထားရာ နှစ်ပွဲစလုံး အလဲထိုးဖြင့် အနိုင်ရရှိထားသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍




### ယနေ့ ဖတ်စရာ

**အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျိတ်ဆူလီဗန်၏ တရုတ်နိုင်ငံခရီးစဉ်အပေါ် သုံးသပ်ချက်**

ဆောင်းပါး စာမျက်နှာ » ၆

**ဗီယက်နမ်နိုင်ငံ၌ စူပါတိုင်ဖွန်း ရာဂီ ဝင်ရောက်ဖွယ်ရှိ၍ လေကြောင်းခရီးစဉ် ၃၃၀ ကျော် ဖျက်သိမ်း**

စာမျက်နှာ » ၁၃

**အာရှတွင် မြန်မာနိုင်ငံ ကြက်မောက်တောင်ဆည်အတွင်းသာ ကျက်စားနေထိုင်သည့် ဒေသမျိုးရင်း ငှက်ကိုးမျိုး ဂုဏ်ယူဖွယ် ရှင်သန်တည်ရှိနေ**

စာမျက်နှာ » ၁၅